မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်၊ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၂၅)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ တွင် ပါဝင်သော
တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က
ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ရေးဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အနော်ရထာခန်းမဦးကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်အရာရှိကြီးများ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆောင်ရွက်

ထို့နောက် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့အနေဖြင့် ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ခြင်းအား ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော
ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမဦးကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❍

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်)

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တိုးတက်အောင်မြင်ရေး ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်း

မြန်မာနိုင်ငံသည် ရေမြေတောတောင် သဘာဝအရင်းအမြစ်များနှင့် ဖြစ်တည်လျက်ရှိသည်။ ယင်းသဘာဝအလှအပများသည် ခရီးသွားပြည်သူများကို ဆွဲဆောင်နိုင်စွမ်းရှိသည်။

မြန်မာ့မြေပေါ်တွင် ရေးနှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့သော ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်ထားသည့် သဘာဝတောများ၊ သဘာဝကျွန်းတောကြီးများ၊ ရှေးဟောင်း စေတီပုထိုးများ၊ ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များသည် ယနေ့တိုင် တည်ရှိလျက်ရှိသည်။ သဘာဝကို အခြေခံပြီး ခရီးသွားလိုသောသူများအတွက် ခရီးသွားစခန်းများ၊ အပန်းဖြေစခန်းများလည်း တည်ရှိလျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီးရှိ ငွေဆောင်ကမ်းခြေ၊ ချောင်းသာကမ်းခြေ၊ တနင်္သာရီတိုင်းဒေသကြီးရှိ မောင်းမကန်ကမ်းခြေ၊ ရခိုင်ပြည်နယ်ရှိ ငပလီကမ်းခြေတို့သည် ကမ္ဘာလှည့်ခရီးသွားများအတွက် အနားယူအပန်းဖြေရန်ကောင်းသော သဘာဝကမ်းခြေများဖြစ်သည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၌ အင်းသားတို့၏ ခြေနှင့်လှော်ခတ်နေသည့် အင်းလေးကန်၏ သဘာဝအလှအပနှင့် ကချင်ပြည်နယ် အင်းတော်ကြီးအိုင်ဝန်းကျင်ရှိ သဘာဝအလှအပများသည်လည်း ကမ္ဘာတွင်ထင်ရှားသည်။

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များစုဝေးရာ ပုဂံယဉ်ကျေးမှုနယ်မြေသည် နိုင်ငံတကာခရီးသွားလောကတွင် ထင်ရှားသော နေရာတစ်ခုဖြစ်သည်။ ခရီးသွားဧည့်သည်များ ပုဂံ၏ နေဝင်ဆည်းဆာအလှအပကို စောင့်ဆိုင်းကြည့်ရှုရသည်အထိ ဆွဲဆောင်မှုရှိသည်။

ကမ္ဘာလှည့်ခရီးသွားများ တိုးတက်ရောက်ရှိလာသည်နှင့်အမျှ မြန်မာနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ တိုးတက်လာမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများ ကောင်းမွန်တိုးတက်ရန်အတွက် ဝန်ဆောင်မှုလုပ်ငန်းများသည်လည်း အဓိကကျလျက်ရှိရာ ဝန်ဆောင်မှုများကို ခရီးသွားဧည့်သည်များအတွက် အပြည့်အဝပေးနိုင်ရမည်ဖြစ်သည်။

မြန်မာလူမျိုးတို့၏ ချစ်စရာကောင်းသည့်ဓလေ့တွင် ဖော်ရွေပျူငှာမှု၊ ဧည့်ဝတ်ကျေမှုတို့သည် ခရီးသွားများအတွက် စိတ်ချမ်းမြေ့မှုကို ဖြစ်စေရသည်။ ကမ္ဘာလှည့်ခရီးသွားများ တိုးမြင့်ရောက်ရှိလာခြင်းသည် နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ နိုင်ငံခြားငွေများ တိုးတက်ရရှိသည့်အပြင် သဘာဝအလှအပများဖြင့် တည်ငြိမ်အေးချမ်းမှုရှိခြင်းကိုလည်း ၄င်းတို့ လေ့လာတွေ့ရှိနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးရှိသော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်၊ သဘာဝက ဖြစ်တည်လျက်ရှိသည့် သယံဇာတအရင်းအမြစ်များကို ဆက်လက်ထိန်းသိမ်း သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံကုန်သည်/စက်မှုအသင်းချုပ်နှင့် ပြည်ပကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၁

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အကြံပေးပုဂ္ဂိုလ် ဒေါက်တာကျော်ထင်၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာပွင့်ဆန်း၊ ဖိတ်ကြားထားသော ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များအား Hanns Seidel Foundation ၏ Designated Representative ဖြစ်သူ Mr. Axel Neubert ဦးဆောင်၍ အဖွဲ့ဝင်နှစ်ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၁၇ ရက် မွန်းလွဲပိုင်းက အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံကြသည်။

ဆွေးနွေး

တွေ့ဆုံရာတွင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကိစ္စ၊ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက် လုပ်ငန်းခွင်သင်တန်းများ ပူးပေါင်းဖွင့်လှစ်နိုင်ရေးကိစ္စ၊ လက်ရှိဆောင်ရွက်လုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းများနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်လုပ်ကိုင်နိုင်ရေးကိစ္စ စသည်တို့ကို ရင်းနှီးစွာ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(ကုန်သည်/စက်မှုအသင်းချုပ်)**

ကျေးရွာစာကြည့်တိုက်များအတွက် လှိုင်သာယာ၌ စာအုပ်များလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁

လှိုင်သာယာမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ လှူဒါန်းပွဲနှင့် နံရံကပ်ဓာတ်ပုံပြပွဲကို အဆိုပါကျောင်းခန်းမ၌ ဇန်နဝါရီ ၂၈ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဒုတိယဦးစီးမှူး ဦးဝင်းလှိုင်တင့်၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (ပညာ) ဆရာကြီး ဦးသိန်းစံအောင်တို့က အမှာစကားပြောကြားသည်။

ရည်ရွယ်ချက်

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းစိုး **(အပေါ်ပုံ)** က စာအုပ်များ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးစန်းအေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်ပြီး ကျောင်းအုပ်ဆရာမကြီးက ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ လှူဒါန်းသော ငွေကျပ် တစ်သိန်းတန်ဖိုးရှိ စာအုပ် စာစောင်၊ မဂ္ဂဇင်းနှင့် ဂျာနယ်များကို ပေးအပ် လှူဒါန်းရာ မြို့နယ်ဒုတိယဦးစီးမှူးက လက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဗဟန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဗဟန်းဈေး၌ ဇန်နဝါရီ ၂၉ ရက်က မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုကို မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရှိန်ဝင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ရဲဗလမျိုးဝင်းနှင့် ဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

စီးပွားရေးနှင့် စီမံခန့်ခွဲမှုဘာသာရပ်များအကြောင်း ဆွေးနွေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

ကမ္ဘာနှင့်အဝန်း စီမံခန့်ခွဲမှု သဘောတရားများသည် ပြောင်းလဲလျက်ရှိပြီး စီးပွားရေးနှင့်စီမံခန့်ခွဲမှု ဘာသာရပ်များကို လေ့လာလိုသူ ကျောင်းသားကျောင်းသူများ မှန်ကန်သော ဘာသာရပ်နှင့် ပညာရေးလမ်းကြောင်းကို ရွေးချယ်ရန် လိုအပ်သကဲ့သို့ သက်ဆိုင်ရာ ဘာသာရပ်အလိုက် ကျောင်းရွေးချယ်မှု မှန်ကန်ရန် Kaplan Higher Education က ဖေဖော်ဝါရီ ၁၁ ရက်(သောကြာနေ့)တွင် ရန်ကုန်မြို့ အလုံလမ်းရှိ Summit Parkview Hotel ၌ ကျင်းပမည့် Singapore Education Road Show 2011 တွင် ရှင်းလင်းပြောကြားမည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲတွင် စာရင်းအင်းနှင့်စီမံခန့်ခွဲမှု ဘာသာရပ်များ၏ သဘောသဘာဝများ၊ မိမိတို့ သင်ယူရရှိထားသည့် ပညာရေးလမ်းကြောင်းအလိုက် လေ့လာသင်ယူသင့်သော အထူးပြု ဘာသာရပ်များကိုပါ ရှင်းလင်း ပြောကြားသွားမည်ဖြစ်သည်။

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး စီးပွားရေးနှင့် စီမံခန့်ခွဲမှု ဘာသာရပ်များကို လေ့လာသင်ယူလိုသော ကျောင်းသား ကျောင်းသူများအတွက် သင့်တော်သော ပညာရေးလမ်းကြောင်းများအပြင် မြန်မာနိုင်ငံမှ LCCI Level (3) ဖြေဆိုအောင်မြင်ပြီးသူများအတွက် ပညာရေးလမ်းကြောင်းသစ်များ၊ ABE ဖြေဆို အောင်မြင်ပြီးသူများ၊ CAT, ACCA တက်ရောက်နေသူများနှင့် မြန်မာနိုင်ငံမှ စီးပွားရေးဘွဲ့ ရရှိထားသူများအတွက် ရွေးချယ်သင့်သော နိုင်ငံတကာ ပညာရေးလမ်းကြောင်းများကို ရှင်းလင်းဆွေးနွေးပေးသွားမည်ဖြစ်သည်။

ရွေးချယ်တတ်စေရန်

အဆိုပါ ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ စီမံခန့်ခွဲမှုနယ်ပယ်အသီးသီးရှိသည့်အနက် လူသားအရင်းအမြစ်များကို စီမံခန့်ခွဲခြင်း၊ ဝန်ဆောင်မှုများကို စီမံခန့်ခွဲခြင်း၊ ကုန်ပစ္စည်းများကို စီမံခန့်ခွဲခြင်း စသည့် သဘောသဘာဝများကို သိရှိပြီး မိမိတို့နှင့် ကိုက်ညီသော ဘာသာရပ်ကို ရွေးချယ်တတ်စေရန်ဖြစ်သည်။

ဆွေးနွေးပွဲ တက်ရောက်ရန်နှင့် အသေးစိတ် အချက်အလက်များကို သိရှိလိုပါက CROWN Education ဖုန်း-၂၁၁၈၈၈၊ လိုင်းခွဲ ၂၂၈ နှင့် ၀၉-၅၀၈၅၁၈၅ တို့ထံတွင် ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သာကေတ အလက(၃) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

ယခင်အလက(၃) (၈)ရပ်ကွက် သာကေတမြို့နယ်၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၆ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် အလင်းရောင်ကျောင်းတိုက် (၁၀၈)တောင်ဘုရားလမ်း ၁၀/တောင်ရပ်ကွက်၌ ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် ဦးသိန်းဝင်း ဖုန်း-၀၉-၅၁၀၃၈၉၅၊ ဦးမျိုးဝင်း ဖုန်း-၅၄၇၄၉၉၊ ဒေါ်တင်တင်အေး ဖုန်း-၅၄၇၀၇၂၊ ဒေါ်နုနုလှိုင် ဖုန်း-၀၉-၅၁၇၁၃၈၆နှင့် ဒေါ်အေးသိန်း ဖုန်း-၇၃၀-၁၅၃၈၇တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။
(မြန်မာ့အလင်း)

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးသို့ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

❍ ရှေ့ဖုံးမှ

လက်မှတ်ရေးထိုး

ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် အစည်းအဝေးမစတင်မီ နံနက် ၈ နာရီခွဲမှ စတင်၍ ပြည်သူ့လွှတ်တော်ခန်းမသို့ ရောက်ရှိကြပြီး အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပသည့် သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးသို့တက်ရောက်ကြသည်။

အထမြောက်

အစည်းအဝေး အစီအစဉ်အရ ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက နေရာယူပြီး ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ကြီးကြပ်ဆောင်ရွက်သည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၂၅ ဦးရှိသည့်အနက် ၃၂၄ ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၆ ရာခိုင်နှုန်းရှိပြီး ထက်ဝက်ကျော်ဦးရေ တက်ရောက်သဖြင့် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ထို့နောက် ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ဒုတိယသမ္မတလောင်းအဆိုပြုခြင်း၊ ထောက်ခံခြင်းနှင့် အဆိုပြုလွှာကို အခမ်းအနားမှူးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခြင်းများ ဆက်လက်ဆောင်ရွက်ကြသည်။

ရွေးချယ်

ယင်းနောက် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံခြင်းရှိ/မရှိ စိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့တွင် ပါဝင်မည့် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ရွေးချယ်ကြသည်။

ထိုသို့ ရွေးချယ်ရာတွင် ကျောက်ဆည်မဲဆန္ဒနယ်မှ ဦးသောင်း ကို ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦးက အဆိုတင်သွင်းပြီး တောင်ငူမဲဆန္ဒနယ်မှ ဦးအောင်မင်းက ထောက်ခံ၍လည်းကောင်း၊ ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင် (ခ) ဦးဆောင်ဆီကို အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည်(ခ) ခိုင်မောင်ရည်က အဆိုတင်သွင်းပြီး ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုက ထောက်ခံ၍လည်းကောင်း တင်ပြကြသည်။ အမည်စာရင်းတင်သွင်းခံရသူနှစ်ဦးရှိသည့်အတွက် မဲခွဲဆုံးဖြတ်ရာ ကျောက်ဆည်မဲဆန္ဒနယ်မှ ဦးသောင်းက ထောက်ခံမဲ (၂၈၀) မဲ၊ ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင် (ခ) ဦးဆောင်ဆီက ထောက်ခံမဲ (၄၄) မဲ ရရှိကြသည်။ ထို့ကြောင့် ထောက်ခံမဲအများဆုံးရရှိသူအား ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့က သဘောတူသည့်အတွက် ကျောက်ဆည်မဲဆန္ဒနယ်မှ ဦးသောင်းကို နိုင်ငံတော်သမ္မတ အရည်အချင်းနှင့် ပြည့်စုံမှု ရှိ/မရှိ စိစစ်ရေးအဖွဲ့ဝင်အဖြစ် ရွေးချယ်ကြောင်း ကြေညာသည်။

ပါဝင်မည်

နိုင်ငံတော်သမ္မတအရည်အချင်းနှင့် ပြည့်စုံမှု ရှိ/မရှိ စိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့၌ ပြည်ထောင်စုလွှတ်တော်တွင် ပါဝင်သော လွှတ်တော်နှစ်ရပ်၏ ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ရွေးချယ်ပေးသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၊ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ရွေးချယ်ပေးသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ရွေးချယ်ပေးသော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးတို့ ပါဝင်မည်ဖြစ်သည်။

ယင်းနောက် အဆိုပြုလွှာများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က စိစစ်နိုင်ရန်နှင့် ဒုတိယသမ္မတလောင်းများ အမည်စာရင်းကို ပြုစုနိုင်ရန်အတွက် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကို တစ်ရက် ရပ်နားမည်ဖြစ်ကြောင်းနှင့် အစုအဖွဲ့ အစည်းအဝေးကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်(ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာပြီး အစည်းအဝေးကို နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

လက်မှတ်ရေးထိုး

ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ဇန်နဝါရီ ၂၉ ရက်က တာမွေမြို့နယ် အမှတ်(၁၈) အခြေခံပညာ မူလတန်းကျောင်း၏ ပညာရည်ချွန်ဆုပေးပွဲတွင် ပထမတန်း(ခ)မှ ပထမဆုရရှိသူ မအိယမုံဖူးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးဆွေ ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော တာမခံ-ဆည်ဇင်းတံတားအမှတ်(၁) ဆောက်လုပ်နေမှုကို ဇန်နဝါရီ ၂ ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်ကိုဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၂-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ် မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **သံယောဇဉ်** တရားတော် (ဆရာတော်အရှင်အဂ္ဂသာရ)
- ၆:၄၀ ကလောမှာထင်ရှား **ရွှေဥမင်ဘုရား**
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၂)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၁၉)
- ၈:၄၀ လပြည့်ဝန်းသို့တမ်းချင်းည Live Show (Part-3)
- ၉:၁၅ Activities in the City (ရန်ကုန်တက္ကသိုလ်မြန်မာစာ မိသားစု အာစရိယပူဇော်ပွဲ အခမ်းအနား)
- ၉:၃၅ အားကစားမြင်ကွင်းစုံ လူမင်း၊ ဖြိုးဌေးစိုး၊ ဝေမင်းမောင်
- ၁၀:၀၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ (ဟော့ရှော့-၃)
- ၁၀:၃၀ ဓာတ်ပုံထဲမှအမှတ်တရများ (အကယ်ဒမီများရှင်ဝါဝါဝင်းရွှေ၏ ဓာတ်ပုံထဲမှအမှတ်တရများ) (အပိုင်း-၂)
- ၁၁:၀၅ Industrial Talk ဒေါက်တာ မျိုးသန့်တင်၊ ဒေါက်တာ တင်အောင်ရွှေ (သုတေသီ)
- ၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၁၀ ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ မြဘုရင်နို့ချက်စက်ရုံ၏လုပ်ငန်းရှင် ဦးဝင်းမောင်နှင့်တွေ့ဆုံခြင်း (အပိုင်း-၂)
- ၁၂:၂၅ သင်ယူလေ့လာဂီတပညာ (Part-8) (Pedal အသုံးပြုပုံ)
- ၁၂:၄၀ ၁၉၆၉-၁၉၇၆ ဆေးတက္ကသိုလ် (၁) ရန်ကုန် ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ
- ၁:၀၀ **သံယောဇဉ်** တရားတော် (ဆရာတော်အရှင်အဂ္ဂသာရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ စကားနပန်း **ငွေနောက်လိုက်တာကောင်းတယ်၊ ငွေနောက်မလိုက်တာကောင်းတယ်**
- ၃:၁၀ တူယှဉ်ကာချွဲ ထူးကြီး အထကရဲ့ မြတ်ဆရာပူဇော်ပွဲ
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၂)
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၁၉)
- ၄:၅၅ ကိုယ်စိတ်နှစ်ပါးအပန်းပြေ ကျန်းမာဖို့ GROHE ဖြင့် ရေချိုးစို့
- ၅:၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅:၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ သင်ကြားရေးလမ်းညွှန် (Dozo Fashion Design)
- ၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၃)
- ၇:၁၅ လပြည့်ဝန်းသို့ တမ်းချင်းည Live Show (Part-4)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Activities in the City (မြန်မာနိုင်ငံဆရာဝန်အသင်း ရောဂါဗေဒဆရာဝန်များ၏ သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲ)
- ၈:၄၅ MRTV-4 အစီအစဉ်တင်ဆက်သူ ရွေးချယ်ပွဲ (အပိုင်း-၄)
- ၉:၂၀ Celebrity Style (R ဇာနည်၊ ဝမ်း)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၂၀)
- ၁၀:၀၅ Cartoon Show Time Open Season (Part-3)
- ၁၀:၄၅ အရက်အန္တရာယ် (သိပ္ပံမှူးတင်)
- ၁၁:၀၅ နေထိုင်မှုဝင့်ကြွား အဆင့်မြင့် အိမ်ရာစီမံကိန်းများ (ကမ္ဘာအေးကွန်ဒိုမီနီယံ)
- ၁၁:၁၅ **လူဖြစ်ရှုံးပါပြီကွာ** (ရုပ်ရှင်သရုပ်ဆောင်များ၊ ဒါရိုက်တာ-ညီညီထွန်းလွင်)
- ၁၁:၂၀ မြန်မာ့တူရိယာစည်တော်ကြီး
- ၁၁:၃၀ မောတို့ဌာနေရှမ်းတို့မြေမှ တောင်ကြီးမြို့နှင့်ရိုးရာမင်္ဂလာ
- ၁၁:၄၅ Living on Water
- ၁၂:၃၀ ရင်နှစ်ပန်းတို့လန်းစေချင်
- ၁၂:၄၀ ဗန်းမော်မြို့မှလိုက်လှဲစွာ ကြိုဆိုပါ၏
- ၁:၀၅ World of Knowledge (Air Crash Investigation: Who's Flying the Plane)
- ၁:၅၅ ကော့ကရိတ်မြို့နယ်မှ ညီညာဖြဖြ ကမ်းနီအလှ
- ၂:၁၀ ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)၏ မသန်စွမ်းသူများ အတွက် Barrier Free
- ၂:၅၀ သာယာစိုပြည် ကြံခင်းမြေ
- ၃:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄:၀၀ ပတ္တမြားမြေသို့ အလည်တစ်ခေါက်
- ၄:၂၀ ရင်ခုန်ခံစားလှုငယ်ကျွမ်းဘား
- ၄:၄၀ စကားဝါမြေမှ ပွဲတော်တစ်ခု
- ၄:၅၀ ဖူးရောက်စေချင်သည် ဗန္ဓိသေလာဆံတော်ရှင် စေတီတော်ကြီးဆီ
- ၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက် တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၂၄	Blackburn-Tottenham	ESPN (Live)
၂:၂၅	Liverpool -Stoke City	STAR SPORTS (Live)

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

ကန်မောင်းသူမဲ့လေယာဉ်အား တာလီဘန်အဖွဲ့ ပစ်ချနိုင်ခဲ့ဟုဆို

ကဘူးလ် ဖေဖော်ဝါရီ ၁

အာဖဂန်နစ္စတန် အနောက်ပိုင်း၌ အမေရိကန်ဦးဆောင်သော လုံခြုံရေးအကူတပ်ဖွဲ့(အိုင်အက်စ်အေအက်ဖ်)မှ မောင်းသူမဲ့လေယာဉ်တစ်စင်းကို ပစ်ချနိုင်ခဲ့ကြောင်း တာလီဘန်တို့က ဇန်နဝါရီ ၃၀ ရက်တွင် ပြောကြားသည်။

အဆိုပါ မောင်းသူမဲ့လေယာဉ်(ဓါတ်ပုံ)ကို ဇန်နဝါရီ ၂၈ ရက်က ဟာရက်ပြည်နယ် ဂါဇရာခရိုင်အတွင်း၌ အောင်မြင်စွာပစ်ချနိုင်ခဲ့ကြောင်း တာလီဘန်တို့က ပြောကြားသည်။

မပြောနိုင်

သို့သော် ယင်းမောင်းသူမဲ့လေယာဉ်မှာ စက်ချွတ်ယွင်းမှုကြောင့် ပျက်ကျခဲ့ခြင်းသာဖြစ်ကြောင်း၊ တာလီဘန်တို့ ပစ်ချခဲ့ခြင်းမဟုတ်ကြောင်း၊ ပျက်ကျသည့်နေရာကိုလည်း စုံစမ်းလျက်ရှိကြောင်း အိုင်အက်စ်အေအက်ဖ်၏ ကြေညာချက်တွင် ဖော်ပြသည်။ **(အင်တာနက်)**

ဗင်နီဇွဲလား လက်နက်တိုက် ပေါက်ကွဲမှုဖြစ်ပွား

မာရာကေး ဖေဖော်ဝါရီ ၁

ဗင်နီဇွဲလားနိုင်ငံတွင် ဇန်နဝါရီ ၃၀ ရက်က လက်နက်တိုက်တစ်ခု ပေါက်ကွဲမီးလောင်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး အချို့ဒဏ်ရာရရှိခဲ့ကြောင်း ဗင်နီဇွဲလားအရာရှိများက ပြောကြားသည်။

ဗင်နီဇွဲလားနိုင်ငံ ကာရာကတ်စ်မြို့မှ မိုင် ၆၀ ခန့်အကွာ မာရာကေးမြို့တွင်ရှိသော အစိုးရလက်နက်သိုလှောင်ရုံ၌ ယင်းနေ့ နံနက် ၄ နာရီခန့်က ပေါက်ကွဲ မီးလောင်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ထိုသို့ မီးလောင်ပေါက်ကွဲမှုကြောင့် အနီးဝန်းကျင်တွင် နေထိုင်ကြသည့် လူထောင်ပေါင်းများစွာအား ဘေးကင်းရာသို့ အမြန်ရွှေ့ပြောင်းပေးခဲ့ရပြီး မီးသတ်တပ်ဖွဲ့ဝင်များက အမြန်မီးငြိမ်းသတ်ခဲ့ရကြောင်း၊ မီးလောင်ပေါက်ကွဲမှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

သြစတြေးလျနိုင်ငံ၌ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်၊ နေအိမ်များပျက်စီး

ဘရစ်ဘိန်း ဖေဖော်ဝါရီ ၁

သြစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ် ကမ်းရိုးတန်းဒေသများသို့ ဇန်နဝါရီ ၃၀ ရက်က အင်သိုနီအမည်ရှိ ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း သြစတြေးလျသတင်းဌာန အေအေပီက သတင်းထုတ်ပြန်သည်။

၄င်းမုန်တိုင်းသည် တစ်နာရီလျှင် မိုင် ၁၅၀ နှုန်းခန့် တိုက်ခတ်ခဲ့သဖြင့် ဓာတ်အားလိုင်းများ ပြတ်တောက်ပြီး သစ်ပင်များပြိုလဲကာ နေအိမ် ၁၀၀၀၀ ခန့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။ **(အောက်ပုံ)**

ထို့အတူ လျှပ်စစ်တာဝါတိုင်များလည်း ပြိုလဲခဲ့သည့်အပြင် အဆောက်အအုံအများအပြားလည်း ထိခိုက်ပျက်စီးခဲ့သည်။ ယင်းဆိုင်ကလုန်း မုန်တိုင်းကြောင့် မိုးသည်းထန်ပြီး ရေလွှမ်းမှုများလည်း ဖြစ်ပေါ်ခဲ့ကြောင်း သတင်း၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မိုဂါဒစ်ရှူး၌ တိုက်ပွဲများဖြစ်ပွား

မိုဂါဒစ်ရှူး ဖေဖော်ဝါရီ ၁

အာဖရိကသမဂ္ဂတပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်ထားသည့် ဆိုမာလီယာအစိုးရတပ်ဖွဲ့ဝင်များနှင့် အယ်လ်ရှာဘတ်တပ်ဖွဲ့ဝင်များအကြား ဇန်နဝါရီ ၃၁ ရက်က မြို့တော် မိုဂါဒစ်ရှူး၌ တိုက်ပွဲအကြီးအကျယ်ဖြစ်ပွားရာ အနည်းဆုံး ၁၃ ဦး သေဆုံးသွားခဲ့သည်။

တိုက်ပွဲများမှာ ဆိုမာလီမြို့တော် မိုဂါဒစ်ရှူးမြို့မြောက်ပိုင်း ဟိုဒန်း၊ ဘွန်ဒီရီနှင့် ဟာဖာခရိုင်များ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သေဆုံးသူများတွင် အရပ်သား ငါးဦးပါဝင်သည်။ တိုက်ပွဲဖြစ်ပွားစဉ်အတွင်း အနည်းဆုံးအရပ်သား ၁၇ ဦးလည်း ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ဆိုမာလီရေဒီယိုဂါရိုဝီက သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

ဆိုမာလီနိုင်ငံသည် ၁၉၉၁ခုနှစ်ကတည်းက အစိုးရထိန်းချုပ်မှုကင်းမဲ့နေပြီး ပြိုင်ဘက်များအကြား တိုက်ပွဲဖြစ်ပွားမှုနှင့် ရောဂါဘယများကြောင့် လူပေါင်းတစ်သန်းကျော် သေဆုံးခဲ့ပြီး ဖြစ်သည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်းများ

ဖိလစ်ပိုင် ခရီးသည်တင်လေယာဉ်တစ်စင်း ဗုံးလန့်ပြီး အရေးပေါ်ဆင်းသက်

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၁

ဖိလစ်ပိုင်လေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်းသည် ဖေဖော်ဝါရီ ၁ ရက်က ဖိလစ်ပိုင်နိုင်ငံမှ ပျံသန်းလာစဉ် လေယာဉ်ပေါ်၌ ဗုံးလန့်သဖြင့် မလေးရှားနိုင်ငံ ကိုတာကီနာဘာလူလေဆိပ်သို့အရေးပေါ် ဆင်းသက်ခဲ့ရသည်။ **(အပေါ်ပုံ)**

၄င်းလေယာဉ်ပေါ်တွင် ခရီးသည် ၇၀ လိုက်ပါလာပြီး လေယာဉ်ပေါ်၌ ဗုံးပါရှိလာသည်ဟူသောသတင်းကြောင့် ခရီးသည်များရုတ်ရုတ်သဲသဲဖြစ်ကာ ကိုတာကီနာဘာလူလေဆိပ်သို့ အရေးပေါ် ဆင်းသက်ခဲ့ရခြင်းဖြစ်သည်။

လေဆိပ်အရောက်၌ လေယာဉ်ပေါ်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ တက်ရောက်ရှာဖွေရာ တစ်စုံတစ်ရာရှာဖွေမတွေ့ရှိခဲ့ကြောင်း၊ ယခုဖြစ်စဉ်နှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။ **(အင်တာနက်)**

မိုးမြင့်လင်းလက် စုစည်းသည်

တွန်ဂါနိုင်ငံ၌ အင်အားပြင်း ငလျင်လှုပ်

ဝါရှင်တန် ဖေဖော်ဝါရီ ၁

တွန်ဂါနိုင်ငံတွင် ဖေဖော်ဝါရီ ၁ ရက် နံနက်က ရစ်ချ်တာစကေး ၆အဆင့်ရှိ အင်အားပြင်း ငလျင်လှုပ်သွားကြောင်း အမေရိကန် ငလျင်တိုင်းတာရေးစခန်းက ဖေဖော်ဝါရီ ၁ရက်၌ ပြောကြားသည်။

လှုပ်သွား

၄င်းငလျင်သည် တွန်ဂါနိုင်ငံ၏ တောင်လတ္တီကျူ ၂၁ ဒသမ ၉၄၃၃ ဒီဂရီနှင့် အနောက်လောင်ဂျီကျူ ၁၇၅ဒသမ ၅၀၉၉ ရှိ မြေအောက်အနက် ၆၈ဒသမ ၆၀ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်သွားခြင်းဖြစ်သည်။ အဆိုပါ ငလျင်လှုပ်မှုနှင့်ပတ်သက်ပြီး ထိခိုက်ပျက်စီးမှုနှင့် ဒဏ်ရာရရှိမှု သတင်းမရရှိသေးကြောင်း သိရသည်။ **(အင်တာနက်)**

မလေးရှားအရှေ့မြောက်ပိုင်း၌ မိုးသည်းထန်ပြီးရေလွှမ်း လေးဦးသေဆုံး၊ ဒေသခံ ၄၀၀၀၀ကျော် ရေဘေးကြုံတွေ့

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၁

မလေးရှားနိုင်ငံ အရှေ့မြောက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပေါ်လျက်ရှိရာ လေးဦးသေဆုံးပြီး ဒေသခံ ၄၀၀၀၀ကျော် ရေဘေးဒုက္ခကြုံတွေ့နေရကြောင်း မလေးရှားအရာရှိများက ဖေဖော်ဝါရီ ၁ရက်၌ ပြောကြားသည်။ **(အောက်ပုံ)**

ရေဘေးဒုက္ခကြုံတွေ့နေရသည့် ပြည်နယ်အချို့မှာ ဆာဘက်၊ ဂျိုဟိုး၊ မလက္ကာ၊ နီဂရီဆန်ဘီလမ်နှင့် ပါဟန်ပြည်နယ်များ၌ ဖြစ်သည်။ ယင်းပြည်နယ်များ၌ မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနေဆဲ ဖြစ်သည်။

ဆောင်ရွက်ပေး

ပြည်နယ်များအနက် ဂျိုဟိုးပြည်နယ်မှာ ရေဘေးဒုက္ခကို အဆိုးရွားဆုံးကြုံတွေ့နေရပြီး ဒေသခံ ၃၀၀၀၀ ကျော်အား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးထားရသည်။ မလေးရှားအစိုးရက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

ရော်ဘာမှိုင်းခံပြားများ အဆင့်မီစွာ ထုတ်လုပ်နိုင်တော့မည် နောက်ဆုံးပေါ်နည်းပညာများကို စမ်းသပ်ထုတ်လုပ်ထား

နေပြည်တော် ဖေဖော်ဝါရီ ၁

အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့တွင် တာယာထုတ်လုပ်မှုမြင့်မားတိုးတက်လာမှု၊ ဒေသတွင်းအာဆီယံနိုင်ငံများ၌ စက်မှုကုန်ကြမ်းအတွက် ရော်ဘာလိုအပ်မှုတို့ကြောင့် နိုင်ငံတကာဈေးကွက်တွင် ရော်ဘာဝယ်လိုအား တစ်နေ့ထက်တစ်နေ့ မြင့်တက်လျက်ရှိသည်။

အဆိုပါ သတင်းကား ရော်ဘာစိုက်တောင်သူများနှင့် ရော်ဘာလုပ်ငန်းရှင်များအတွက် မင်္ဂလာသတင်းကောင်း တစ်ရပ်ပါပေ။

မြန်မာနိုင်ငံတွင် ၂၀၀၅ ခုနှစ်က စတင်၍ ရော်ဘာစိုက်ပျိုးမှုကို လွတ်လွတ်လပ်လပ် စိုက်ပျိုးထုတ်လုပ်ခွင့်ပြုခဲ့ရာမှအစပြု၍ ပုဂ္ဂလိကရော်ဘာခြံများ စီရရီပေါ်ထွက်လာခဲ့ပြီးနောက် စိုက်ဧကများစွာလည်း တိုးတက်လာခဲ့သည်။ ယခု လက်ရှိဆိုမူ ရော်ဘာစိုက်ဧက ၁၁ သိန်းကျော်အထိပင် အမြင့်ဆုံးစံချိန်တင် စိုက်ပျိုးနိုင်ခဲ့ပေပြီ။ ရော်ဘာတင်ပို့မှုအပိုင်းတွင်လည်း ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း အမေရိကန်ဒေါ်လာ ၉၀ ဒသမ ၇၃၂သန်း၊ တန်ချိန် ၂၉၁၈၈ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။ မလေးရှားနိုင်ငံက ဝယ်လိုအား အများဆုံးဖြစ်သည်။

သို့ဖြစ်၍ မြန်မာ့ထုတ်ကုန် ရော်ဘာ ကုန်ကြမ်းများ အရည်အသွေး အဆင့်အတန်းမီ ထုတ်လုပ်နိုင်ရေးအတွက် နောက်ဆုံးပေါ် နည်းပညာရပ်များကို စဉ်ဆက်မပြတ်သုံးစွဲနိုင်ရေးက အဓိကကျလျက်ရှိပေသည်။

ယခုနှစ်ဆန်းပိုင်းက ရော်ဘာအများဆုံး စိုက်ပျိုးရာ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်သို့ ခရီးဆန့်ရင်း ရော်ဘာခြံများကိုလည်း ဝင်ရောက်လေ့လာဖြစ်ခဲ့သေးသည်။

ထိုစဉ်က RF 3 G ကိရိယာနှင့် နည်းပညာသုံးစွဲ၍ ရော်ဘာစေးအထွက်နှုန်း ပိုမိုမြင့်မားရေးအတွက် အသုံးပြုနေကြသည်ကို လေ့လာမိခဲ့သည်။

ယခုနှစ်ကုန်ပိုင်းတွင်မူ ရော်ဘာကုန်ကြမ်း အရည်အသွေးမြင့်မားရေးအတွက် နောက်ဆုံးပေါ်နည်းပညာများကို ဆက်လက်အသုံးပြုလျက်ရှိရာ Hevea နောက်ဆုံးပေါ်ဓာတုဗေဒဆေးမှုန့်ကို အသုံးပြု၍ ရော်ဘာမှိုင်းခံပြားများကို အရည်အသွေး အဆင့်အတန်းမီစွာ စမ်းသပ်ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

အထူးစိတ်ဝင်စား

ACID Free ဖော်မြူလာဖြစ်သည့် ရော်ဘာ Latex Crystal ဓာတုဗေဒ ဆေးမှုန့်အနည်းငယ်ကို ရေဖြင့်ရောစပ်၍ ရော်ဘာအစေးများကို မိနစ်ပိုင်းအတွင်း ခဲခြင်းကို တာဝန်ရှိသူများက မွန်၊ ကရင်နှင့် ပဲခူးတိုင်းဒေသကြီးရှိ ရော်ဘာခြံများတွင် စမ်းသပ်သရုပ်ပြခြင်း ပညာပေးအစီအစဉ်များကို ဆောင်ရွက်ခဲ့ရာ ဒေသခံရော်ဘာ လုပ်ငန်းရှင်များနှင့် တောင်သူများ အထူးစိတ်ဝင်စားခဲ့ကြသည်။

ယခင်ကမူ ရော်ဘာအစေးခဲရာတွင် အက်စစ်အသုံးပြု၍ ခဲကြကြောင်း သိရသည်။ သို့ဖြင့် ဘေးထွက်ဆိုးကျိုးများသည်။ အက်စစ်ဖြင့် ရေရောစပ်ဖျော်ရ၍ လုပ်သားများ မတော်တဆဖြစ်မှု၊ အခြောက်ခံရာတွင်လည်း အက်စစ်ရည်များစီးကျမှုကြောင့် မြေဆီလွှာနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု၊ မှိုင်းခံရာတွင်လည်း လက်ကျန်အက်စစ်အရည်များကြောင့် မှိုင်းခံရုံများ မကြာခဏ မီးကူးစက်လောင်ကျွမ်းမှု စသည့်ဘေးထွက်ဆိုးကျိုးများ ပါပေ။

Hevea TPD ဆေးဖျန်း၍ ပင်စည်မျက်နှာပြင်ခြောက်သွေ့မှုမှ ကာကွယ်ခြင်းနှင့် ပင်စည်ဖွံ့ဖြိုးမှုမှတစ်ဆင့် အစေးထွက်ကောင်းမွန်လာစေရန် သရုပ်ပြစဉ်။

သရုပ်ပြ

ယခု Hevea နောက်ဆုံးပေါ်ဓာတုဗေဒဆေးမှုန့်မှာမူ ဆေးမှုန့် ၁၀၀ ဂရမ်ကို ရေတစ်လီတာဖြင့် ရောစပ်အသုံးပြုရခြင်းဖြစ်ပြီး ဘေးထွက်ဆိုးကျိုး လုံးဝမရှိခြင်း၊ အသက်အရွယ်မရွေး လုပ်သားတိုင်းအသုံးပြုနိုင်ခြင်း၊ ရော်ဘာပြားထွက်ရှိရာတွင်လည်း ပို၍ချောမွေ့မှုရှိခြင်း၊ အရောင်ပိုလှခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ခြင်း၊ စီးပွားရေးအရ တွက်ခြေပိုကိုက်ခြင်းတို့ကြောင့် ဒေသခံရော်ဘာစိုက်တောင်သူများနှင့် ရော်ဘာလုပ်ငန်းရှင်များ ပိုမိုစိတ်ဝင်စားလျက်ရှိကြောင်း တာဝန်ရှိသူများထံမှ ကြားသိရသည်။ အလားတူ လက်ရှိအာဆီယံဒေသတွင်းနိုင်ငံများတွင် အသုံးပြုနေကြသည့် အစေးလုံးဝ မထွက်သည့် ရော်ဘာပင်များ၊ အစေးအနည်းငယ် ထွက်သည့် ရော်ဘာပင်နှင့် ရာနှုန်းပြည့် အစေးထွက်သည့် ရော်ဘာပင်များကို အပင်၏ အားဆေးအဖြစ် ပက်ဖျန်းပေးရသည့် Hevea TPD ဆေးကိုလည်း စမ်းသပ် သရုပ်ပြလျက်ရှိကြောင်း သိရသည်။

အဆိုပါ နောက်ဆုံးပေါ်နည်းပညာရပ်များကို ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် တနင်္သာရီတိုင်းဒေသကြီးရှိ မြိတ်နှင့် ထားဝယ်ဒေသများ၌လည်း စမ်းသပ်သရုပ်ပြ ပညာပေး အစီအစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

အဆင့်အတန်းမီ

နောက်ဆုံးပေါ် နည်းပညာရပ်များကို စဉ်ဆက်မပြတ် စမ်းသပ်လက်တွေ့ အသုံးပြုခြင်းဖြင့် အနာဂတ်တွင် မြန်မာ့ထုတ်ကုန် ရော်ဘာကုန်ကြမ်းများ ပိုမိုအရည်အသွေး အဆင့်အတန်းမီစွာ ထုတ်လုပ်နိုင်မည်ဖြစ်သည်။

သို့ဆိုလျှင် ကမ္ဘာ့လက်ရှိ ပေါက်ဈေးအတိုင်း တင်ပို့ရောင်းချနိုင်ရုံသာမက ဈေးကွက်သို့ တိုက်ရိုက်တင်ပို့နိုင်ခြင်း၊ ဈေးကွက်သစ်များ ဆက်လက် တိုးချဲ့နိုင်ခြင်း စသည့် အကျိုးရလဒ်များကိုလည်း ဒွန်တွဲရရှိနိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

(မြန်မာ့အလင်း)

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရော်ဘာခြံတစ်ခုတွင် ရော်ဘာပင်စည် ထိခိုက်မှုသက်သာစေရန် စနစ်တကျ အစေးခြစ်မှုကို သရုပ်ပြစဉ်။

ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ မင်းပြား၌ ဟောပြော

မင်းပြား ဖေဖော်ဝါရီ ၁

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်၌ ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၆ ရက်က အထကကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးနေလင်းထွန်းက အမှာစကားပြောကြားပြီး **(ယာပုံ)** မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှထွန်းဇော်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာချစ်ဦးလွင်တို့က ကြက်ငှက်တုပ်ကွေးဆိုင်ရာ အသိပညာပေးဟောပြောကြပြီး တက်ရောက်လာကြသူများအား မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်မှ ထုတ်လွှင့်သည့် ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများကို ဗီဒီယိုရုပ်သံဖြင့် ပညာပေးပြသကာ သိမှတ်ဖွယ်ရာများကို ဆန်းစစ်၍ ဖြေဆိုနိုင်သူ ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ရေကြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ဝင်ပိတောက်ချောင်းလမ်းဆုံတွင် မြေယာရှုခင်းအလှပြုပြင်ထားရှိမှုကို ဇန်နဝါရီ ၁၅ရက်တွင် ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးတင်ချို ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မုဒုံမြို့နယ် ကျေးရွာပတ်လမ်း ကတ္တရာခင်းဆောင်ရွက်နေမှုကို မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်သန်း ဇန်နဝါရီ ၁၀ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) မြို့ပြ ဦးအောင်ဇင်လင်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကန်ကြီးထောင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့လယ်လမ်းတွင် လမ်းပေါက်များ ဖာထေးခြင်းနှင့် ကတ္တရာထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ ဒီဇင်ဘာ ၂၇ ရက်က မြို့နယ် ဥက္ကဋ္ဌ ဦးညဏ်လှိုင်၊ အမှုဆောင်အရာရှိ ဦးလှသိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်ထွဋ်တို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မိုးညှင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းဇော်ဂျီလမ်းအား ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဇန်နဝါရီ ၁၃ရက်က အမှုဆောင်အရာရှိ ဦးအေးနိုင် ကွင်းဆင်းစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးဝင်းဦး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရှင်ခေမာလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ဇန်နဝါရီ ၁၂ရက်က အမှုဆောင်အရာရှိ ဦးအောင်ဖြိုးကျော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခိုင်မြင့်မောင်တို့ စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

၂၀၁၁ခုနှစ်၊ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၄) တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(၅) နှစ်ပေါင်းထောင်ချီ၍ ဥမကွဲသိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် နိုင်ငံတော်ကြီးကို ပြည်ထောင်စုကြီးအဖြစ် အရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

ဆုချီးမြှင့်

လှိုင်သာယာမြို့နယ် ဒိုင်စုကျေးရွာ အလက(ခွဲ) မူလတန်းအမှတ်(၅)ကျောင်းတွင် ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကိုဇန်နဝါရီ ၂၉ ရက်က ကျင်းပရာ မြို့နယ်အဆင့် စာစီစာကုံး ပထမနှင့် နှစ်စဉ်ဆက်တိုက် ပထမတန်းမှ သတ္တမတန်းအထိ ပထမဆုရရှိသော ကျောင်းသူမနုနုထွေးအား ကျောင်းအုပ်ဆရာကြီး ဦးရွှေဝင်းက ဆုချီးမြှင့်စဉ်။ (၁၂၉)

မြန်မာနိုင်ငံဆရာဝန်အသင်း အမျိုးသမီးဆရာဝန်များအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ရန်ကုန်)အမျိုးသမီးဆရာဝန်များအဖွဲ့၏ ၂၀၁၀ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၂၉ ရက် နံနက် ၉နာရီက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းတိုက်ခန်းမဆောင်၌ ကျင်းပရာ အမျိုးသမီးဆရာဝန်များအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်မာအေးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။(အပေါ်ပုံ)

အတည်ပြု

ဆက်လက်၍၂၀၁၀ခုနှစ် အလုပ်အမှုဆောင်အဖွဲ့၏လုပ်ငန်းဆောင်ရွက်မှုနှစ်ပတ်လည်အစီရင်ခံစာကို အဖွဲ့အထွေထွေအတွင်းရေးမှူး ဒေါက်တာမြတ်လေးကျင်က ဖတ်ကြားတင်သွင်းပြီး ၂၀၁၀ခုနှစ်ဘဏ္ဍာရေးရှင်းတမ်းကို အဖွဲ့ဘဏ္ဍာရေးမှူးဒေါက်တာညွန့်ညွန့်သန်းက ဖတ်ကြားတင်ပြရာ အဖွဲ့ဝင်နှစ်ဦးက ထောက်ခံဆွေးနွေး အတည်ပြုကြသည်။

ဆွေးနွေး

ဆက်လက်၍ ရှေ့လုပ်ငန်းစဉ်နှင့် အထွေထွေဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ (၁၂၃)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း တောင်ကြီး၌ ပညာပေးဟောပြော

တောင်ကြီး ဖေဖော်ဝါရီ ၁

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို တောင်ကြီးမြို့ သူနာပြုသင်တန်းကျောင်းခန်းမ၌ ဇန်နဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ အခမ်းအနားမှူးအဖြစ် ရဲအုပ်မြင့်အောင်က ဆောင်ရွက်ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းယဉ်က အမှာစကားပြောကြားသည်။

ရှင်းလင်းပြသ

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်းတာဝန်ခံ ဒုတိယရဲမှူးတင်စိုးရှိန်က လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန စစ်ဆေးရေးမှူး ဦးဇော်ကိုကိုဖေ(ဝဲပုံ)က မော်တော်ဆိုင်ကယ်စီးနင်းသူများအပါအဝင်လမ်းအသုံးပြုသူများ လိုက်နာရမည့်အချက်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသခဲ့ကြောင်း သိရှိရသည်။ (ပြည်နယ်ကညန)

ဂျီအေစီပရိုဂရမ်ဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဟောပြောမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

အမေရိကန်၊ အင်္ဂလန်၊ ကနေဒါ၊ ဩစတြေးလျ၊ မက္ကဆီကို၊ မလေးရှား၊ အင်ဒိုနီးရှားအပါအဝင် နိုင်ငံတကာတက္ကသိုလ်ပေါင်း ၁၀၀ကျော်သို့ စိတ်ကြိုက်ရွေးချယ်တက်ရောက်နိုင်မည့် Global Assessment Certificate (GAC) ပရိုဂရမ်နှင့် ဝင်ခွင့်လျှောက်ထားခြင်းများကို ဖေဖော်ဝါရီ ၁၁ ရက် (သောကြာနေ့) နံနက်၁၀နာရီမှ ညနေ ၄ နာရီအထိ Summit Parkview Hotel၌ ကျင်းပမည့် Education Road Show 2011 တွင် ရှင်းလင်းဟောပြောမည်ဖြစ်ကြောင်း သိရသည်။

(GAC) Global Assessment Certificate ပရိုဂရမ်သည် ကမ္ဘာ့တက္ကသိုလ်များ၏ အသိအမှတ်ပြု Foundation ပရိုဂရမ်တစ်ခုဖြစ်ပြီး ကျောင်းသား ကျောင်းသူများ တက္ကသိုလ်များသို့ မတက်ရောက်မီ လိုအပ်သောပြင်ဆင်မှုများကို ပြည့်စုံအောင်ပြင်ဆင်ပေးမည့် တက္ကသိုလ်အကြိုသင်တန်းတစ်ခုဖြစ်သည်။

လျှောက်ထားနိုင်

အဆိုပါ ပရိုဂရမ်တွင် အဆင့်သုံးဆင့်ရှိပြီး ပထမအဆင့်အနေဖြင့် ကျောင်းသား ကျောင်းသူများအား အင်္ဂလိပ်စာ၊ သင်္ချာ၊ Information and Technology၊ စီးပွားရေးနှင့် သိပ္ပံဘာသာရပ်များကို သင်ကြားပို့ချမည်ဖြစ်ပြီး ရွေးချယ်စရာအဖြစ် မိမိတို့နှစ်သက်ရာ IELTS/TOEFL ပြင်ဆင်ခြင်းကို ရွေးချယ်နိုင်သည်ဟုသိရသည်။ အဆင့်(၂)နှင့်(၃)တွင် စုစုပေါင်းဘာသာရပ်ငါးခုအနက်မှ လေးခုရွေးချယ်တက်ရောက်နိုင်သည်ဟု သိရသည်။အမေရိကန်ကျောင်းများကို လျှောက်ထားရာတွင် GAC တင်ပြနိုင်ပါက SAT အမှတ်များ သီးသန့်တင်ပြရန်မလိုအပ်ဘဲ လျှောက်ထားနိုင်သည်။

သင်တန်းကာလအားဖြင့် ကိုးလမှတစ်နှစ်အထိကြာမြင့်နိုင်ပြီး လျှောက်ထားသူများ IELTS/ TOEFL အမှတ်များ ရှိထားရန်မလိုအပ်ဘဲ ၎င်းပရိုဂရမ်၏ သင်ကြားမှု တစ်စိတ်တစ်ပိုင်းအဖြစ် IELTS/ TOEFL တို့ကို ထည့်သွင်းသင်ကြားမည်ဖြစ်သည်။

GAC ကိုထူးချွန်စွာ ဖြေဆိုအောင်မြင်သူများအနေဖြင့် သက်ဆိုင်ရာ တက္ကသိုလ်များမှ ပညာသင်ထောက်ပံ့ကြေးများလည်း ရရှိနိုင်ကြောင်း၊ အသေးစိတ် အချက်အလက်များကို Ascensia Academy မှ တာဝန်ရှိသူကိုယ်တိုင် ရှင်းလင်းပြောကြားမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူများ CROWN Education ဖုန်း-၂၁၁၈၈၈၊ လိုင်းခွဲ-၂၂၈-၂၂၉၊ ၀၉-၅၀၈၅၁၈၅နှင့် ၇၃၀-၄၀၆၈၈တို့တွင် စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပြည်မြို့ အထက(၅) ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ပြည် ဖေဖော်ဝါရီ ၁

ပြည်မြို့ အထက(၅)နှင့် ယခင်လက်စွမ်းပြ အမကတွင် တာဝန်ထမ်းဆောင်ဖူးပြီး အငြိမ်းစားယူသွားကြသော ဆရာ ဆရာမကြီး ၁၁၁ ဦးအား ကျောင်းသား ကျောင်းသူဟောင်းများက (၁၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်(ပြည်ထောင်စုနေ့)နံနက်၉နာရီတွင် ပြည်မြို့ အထက(၅) ပညာတံခွန်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများ လာရောက်ပူဇော်ကန်တော့ကြရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက (နာယကများ) ဦးဇော်လွင် ဖုန်း-၀၉-၅၃၁၂၉၆၉၊ ၀၅၃-၂၈၃၁၆၊ ဦးခင်မောင်နိုင် ဖုန်း-၀၉-၈၆၈၀၀၅၂၊ ၀၅၃-၄၂၂၇၅၊ ဦးမင်းဇော် ဖုန်း-၀၉-၂၀၆၃၁၄၆၊ ၀၅၃-၂၈၀၀၇၊ အမှုဆောင်များ အထက (၅) ဖုန်း-၀၅၃-၂၈၀၈၅၊ ဒေါ်အေးအေးသစ် ဖုန်း-၀၅၃-၂၈၁၃၇၊ ဒေါ်မိုးမိုးလွင် ဖုန်း-၀၉-၅၅၃၁၁၂၇၂၊ ဒေါ်လှမျိုးနွယ် ဖုန်း-၀၅၃-၂၈၂၅၃၊ ဒေါ်အေးမွန်သန့် ဖုန်း-၀၉-၄၉၅၀၀၈၂၀၊ ဒေါ်သူဇာကျော် ဖုန်း-၀၉-၅၃၇၀၇၃၂၊ ဦးသော်တာဆွေ ဖုန်း-၀၉-၈၆၈၀၁၈၅၊ ဦးမင်းဝင်း(ခ)ဖိုးပါကြီး (ရန်ကုန်) ဖုန်း-၀၉-၅၀၆၅၉၈၃၊ ဦးမြတ်ထွဋ် (နေပြည်တော်)ဖုန်း-၀၉-၈၆၂၆၉၅၁၊ ဦးသန်းဝင်းဗိုလ် (နေပြည်တော်)ဖုန်း-၀၉-၈၆၈၉၂၀၊ ၀၉-၄၉၂၀၆၇၈၄၊ ဒေါ်ညွန့်ညွန့်တင် ဖုန်း-၀၉-၅၃၇၆၅၆၂၊ ဦးမြင့်ဆွေ၊ ဦးသန်းဇော် ဖုန်း-၀၉-၄၉၅၀၁၃၅၇တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးခင်မောင်ဦးနှင့်အဖွဲ့ ဆောင်ရွက်လျက်ရှိသော မြို့ပြလမ်း၊ တံတားလုပ်ငန်းဖြစ်သည့် ဖေဇီရွာလမ်း ကတ္တရာခင်းခြင်းကို ဇန်နဝါရီ ၁၅ ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းကျော် ကွင်းဆင်းကြီးကြပ်စဉ်။
(မြို့နယ်စည်ပင်)

နောင်ချိုမြို့နယ်၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

နောင်ချို ဖေဖော်ဝါရီ ၁

နောင်ချိုမြို့နယ် ရွှေညောင်ပင်ကျေးရွာ၌ ရွှေညောင်ပင် စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် နောင်ချိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမင်းထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းအောင်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းထွေး၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သိန်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ပေးအပ်လှူဒါန်း

ဆက်လက်၍ တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များက အလှူငွေနှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ ရွှေညောင်ပင်စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးသန်းလှိုင်က လက်ခံယူသည်။ အဆိုပါ စာကြည့်တိုက်မှာ အလျား ၂၄ပေ၊ အနံ ၁၅ပေ၊ အမြင့် ၁၂ပေ၊ သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်းဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စီးပွားရေးဘာသာရပ်များအကြောင်း ရှင်းလင်းဟောပြောမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းများဖြင့် ဖွဲ့စည်းထားသော ERC Institute သည် စင်ကာပူနိုင်ငံရှိ Edu Trust လေးနှစ်သက်တမ်းလက်မှတ်ရရှိထားသော ကျောင်းဖြစ်သည်။ စွန့်ဦးတီထွင်လုပ်ငန်းများ၏ အရေးပါပုံနှင့် ၂၀၁၁ ခုနှစ် မတ်လမှစ၍ ERC Institute တွင် Entrepreneurship နှင့် Business Administration ပရိုဂရမ်များ၌ Real Life Work Experience ပါဝင်အောင် စီစဉ်ဆောင်ရွက်ထားခြင်း အကြောင်းတို့ကို Singapore Education Road Show 2011 တွင် ရှင်းလင်းဟောပြောမည်ဖြစ်သည်။

လက်တွေ့

အစီအစဉ်အရ ပထမသုံးလတွင် Class Room သင်ခန်းစာများကို လေ့လာသင်ယူရမည်ဖြစ်ပြီး နောက်ခြောက်လအတွင်း တစ်ပတ်လျှင် နှစ်ရက်မှ သုံးရက်အထိ တစ်ရက်လျှင် သုံးနာရီ လက်တွေ့စီမံခန့်ခွဲမှုများကို သင်ယူရမည်ဖြစ်သည်။

အကျိုးရှိ

ကျောင်းသား ကျောင်းသူများအား အဆိုပါ ခြောက်လအတွက် တစ်လလျှင် စင်ကာပူဒေါ်လာ ၄၀၀ ခံစားခွင့်ပေးမည်ဖြစ်ပြီး အလုပ်အတွေ့အကြုံကာလအတွင်း International Marketing Director က မြန်မာနှင့် စင်ကာပူရှိ ဈေးကွက်စီးပွားရေး အခြေအနေများကို သုတေသနပြုဆောင်ရွက်မည့်အစီအစဉ် ပါဝင်သဖြင့် ကျောင်းသား ကျောင်းသူများအတွက် အကျိုးရှိစေမည့် ပရိုဂရမ်တစ်ခု ဖြစ်သည်။

စာရင်းပေး

ERC Institute ၏ ထူးခြားချက်မှာ ကျောင်းပြီးဆုံးသော ကျောင်းသား ကျောင်းသူများအား ERC Holdings အဖွဲ့ဝင်ကုမ္ပဏီများတွင် အလုပ်ကမ်းလှမ်းရန် သဘောတူညီထားခြင်းဖြစ်သည်။ အဆိုပါဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၁ ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့ အလုံလမ်းရှိ Summit Parkview Hotel ၌ ကျင်းပမည်ဖြစ်ပြီး ဆွေးနွေးပွဲ တက်ရောက်ရန်နှင့် အသေးစိတ် သတင်းအချက်အလက်များကို CROWN Education ဖုန်း-၂၁၁၈၈၈/လိုင်းခွဲ ၂၂၈-၂၂၉ နှင့် ၀၉-၅၀၈၅၁၈၅ တို့တွင် ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

လှိုင်လင်မြို့နယ်စည်ပင် မြို့ရေပေးရေးဆောင်ရွက်

လှိုင်လင် ဖေဖော်ဝါရီ ၁

လှိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ရေပေးရေးအတွက် လေးလက်မ ပီဗွီစီရေပိုက် ပေ ၁၂၃၀ အစားထိုး လဲလှယ်ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ-၂ ဦးကျော်သူရ ဆောင်ရွက်နေမှုအား ဇန်နဝါရီ ၂၁ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

သင်္ဃန်းကျွန်း အထက(၄)၌ အာစရိယပူဇော်

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် အထက(၄)သင်္ဃန်းကျွန်း (ယခင်အလက-၁)၏ ပဉ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၃၀ ရက် မွန်းလွဲ ၂ နာရီက ကျောင်းခန်းမ၌ကျင်းပရာ ရှေးဦးစွာ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်သူက ပူဇော်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

ပေးအပ်လှူဒါန်း

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး(ငြိမ်း) ဒေါ်သိန်းတင်နှင့် ကျောင်းအုပ် ဆရာကြီးဦးလှကြည်တို့က အမှာစကား ပြောကြားကြပြီး ဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင် ဦးကျော်သူက ကန်တော့ချီးတိုင်ပေး၍ ကျောင်းသား ကျောင်းသူများက ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ကြကာ ဂါရဝလက်ဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

ဂုဏ်ပြုဆုချီးမြှင့်

ထို့နောက် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးနှင့် လေးဘာသာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပြီး ကျောင်းအုပ်ဆရာကြီး (ငြိမ်း) ဦးမောင်မောင်လေးနှင့် ကျောင်းအုပ်ဆရာမကြီး (ငြိမ်း) ဒေါ်နွဲ့နွဲ့တို့က ဩဝါဒစကားများ ပြောကြားခဲ့ကြကြောင်း သိရှိရသည်။ **(၁၂၁)**

အရိပ်ရပင်များပြုပြင်

ဘားအံမြို့ ဘားအံတက္ကသိုလ် အဓိပတိလမ်းရှိ လမ်းလယ်ကျွန်းရေတမာပင်၊ အရိပ်ရပင်များ ပြုပြင်ခြင်းကို ဇန်နဝါရီ ၁၂ ရက်က ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်း ကွင်းဆင်းစစ်ဆေးရာ ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနီထွန်းနှင့် တာဝန်ခံများက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စာပေဗိမာန် စာအုပ်အသင်း စာအုပ်ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်စာအုပ်အသင်းက ၂၀၀၈ ခုနှစ် စာပေဗိမာန်စာမူဆုပြဇာတ်စာပေ (ပထမဆုရ) ဇင်မင်း (သမိန်ထော)ရေးသားသည့် ''ရွှေထီးချောင်းက မောင်းထုသံ'' စာအုပ်ကို စာအုပ်အသင်း၏ ၆၈ အုပ်မြောက် စာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်း၌ လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

ဆက်သွယ်နိုင်

စာပေဗိမာန် စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁ သို့လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သူနာပြု ဒီပလိုမာ ကျောင်းသား ကျောင်းသူများ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

သူနာပြု ဒီပလိုမာ (ရန်ကုန်၊ မော်လမြိုင်) ၁၉၈၇-၁၉၉၁ ခုနှစ် ကျောင်းသား ကျောင်းသူများ၏ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို မတ် ၂၇ ရက်တွင် သူနာပြုတက္ကသိုလ်(ပင်မ) အစည်းအဝေးခန်းမ၌ ညနေ ၃ နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် မခင်မေလွင် ဖုန်း-၀၁-၂၅၆၁၁၂၊ Ext-၈၉၈၊ မသက်သက်လွင် ဖုန်း-၀၉-၅၁၈၄၆၇၃၊ ဦးတင်ကိုကို ၀၁-၂၅၆၁၁၂၊ Ext-၈၄၅၊ မအေးအေးဝင်း ဖုန်း-၀၉-၅၀၇၁၀၈၄၊ မတင်လှ ဖုန်း-၀၁-၅၂၅၈၂၉၊ မစန်းစန်းလွင် ဖုန်း-၀၉-၅၀၄၈၆၄၈၊ မသန်းသန်းမြင့် ဖုန်း-၀၁-၇၂၆၁၃၈ နှင့် မမြင့်မြင့်ဦး ဖုန်း-၀၉-၈၇၄၂၉၅၅ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ အများပြည်သူ သုံးစွဲရန်မသင့်ကြောင်း အသိပေး

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျစစ်ဆေးလျက်ရှိသည်။

ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးများသည် တိုင်းရင်းဆေးဝါး မှတ်ပုံတင်ထားခြင်းမရှိသည့် ဆေးဝါးများဖြစ်၍ စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများသုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

စဉ်	ဆေးဝါးအမည်	ထုတ်လုပ်/ဖြန့်ချိဌာန	မှတ်ချက်
၁	KTH အမှတ်တံဆိပ် လင်ဇီးဆေးပရုတ်ဆီ	KTH Products Ltd.,Yangon	မှတ်ပုံတင်မရှိ
၂	KTH အမှတ်တံဆိပ် VIP အကြောပြေ ဒဏ်ကြေလိမ်းဆေးရည်	KTH First Aid Products Group, Yangon.	မှတ်ပုံတင်မရှိ
၃	KTH အမှတ်တံဆိပ် ပရုတ်ဆီအဖြူ (Vapour Rub)	KTH Products Group Yangon, Myanmar	မှတ်ပုံတင်မရှိ
၄	KTH အမှတ်တံဆိပ်(ALUM PILES OINTMENT)	KTH First Aid Products Group, Yangon.	မှတ်ပုံတင်မရှိ
၅	KTH အမှတ်တံဆိပ် လေးညှင်းဆီ (CLOVE OIL)	KTH Products Group Yangon,	မှတ်ပုံတင်မရှိ
၆	KTH အမှတ်တံဆိပ် တမာလိမ်းဆေး (Tamar neem Ointment)	KTH Products Group Yangon, Myanmar	မှတ်ပုံတင်မရှိ
၇	GREEN ROSE Pain Aid Balm	KTH Products Group,	မှတ်ပုံတင်မရှိ

အများပြည်သူတို့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ အနောက်တိုင်းဆေး ရောနှောထားသော ဆေးဝါးများကို ဝယ်ယူခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသောဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းရှင်နှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော အထက်ပါစံမညီဆေးဝါးများအား ထုတ်လုပ်တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ ပြင်းထန်စွာအရေးယူမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတလောင်းများ အဆိုပြုတင်သွင်း

နေပြည်တော် ဖေဖော်ဝါရီ ၁

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမဋ္ဌကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ဒုတိယသမ္မတလောင်းများကို အဆိုပြုတင်သွင်းခဲ့ကြသည်။

ကြီးကြပ်ကွပ်ကဲ

ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့၏ ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ကြီးကြပ်ကွပ်ကဲ၍ လွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ဒုတိယသမ္မတလောင်းများ အဆိုပြုရန်အတွက် အဆိုပြုလွှာပုံစံ(၁)ကို လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ထံမှ ထုတ်ယူကြသည်။

ယင်းနောက် အဆိုပြုပြီးထောက်ခံသော ဒုတိယသမ္မတလောင်းနှင့် သက်ဆိုင်သည့် အချက်အလက်များ ဖော်ပြထားသည့် အဆိုပြုလွှာပုံစံ(၁)ကို အခမ်းအနားမှူးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြကြသည်။

တင်သွင်း

ဒုတိယသမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းကြရာ၌ ဇမ္ဗူသီရိ မဲဆန္ဒနယ်မှ ဦးသိန်းစိန်ကို အင်ဂျန်းယန် မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူက အဆိုတင်သွင်းပြီး မန်တုံ မဲဆန္ဒနယ်မှ ဦးအိုက်မုန်းက ထောက်ခံ၍လည်းကောင်း၊ ဇမ္ဗူသီရိ မဲဆန္ဒနယ်မှ ဦးသိန်းစိန်ကို တံတားဦး မဲဆန္ဒနယ်မှ ဦးတင်အေးက အဆိုတင်သွင်းပြီး ဟင်္သာတ မဲဆန္ဒနယ်မှ ဦးငွေးဦးက ထောက်ခံ၍လည်းကောင်း၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဦးစောသိန်းအောင်ကို ဒဂုံ(မြောက်) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးနှင့် ကွန်ဟိန်း မဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုတို့နှစ်ဦးက အဆိုတင်သွင်းပြီး ရသေ့တောင် မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေက ထောက်ခံ၍လည်းကောင်း၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဦးစောသိန်းအောင်ကို ဘားအံ မဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာနှင့် ရေး မဲဆန္ဒနယ်မှ ဒေါ်မြင့်သန်းတို့က အဆိုတင်သွင်းပြီး ဒဂုံ(မြောက်) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးက ထောက်ခံ၍လည်းကောင်း၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဦးစောသိန်းအောင်ကို ဟားခါး မဲဆန္ဒနယ်မှ ဦးငွန်မောင်းနှင့် ပလက်ဝ မဲဆန္ဒနယ်မှ ဦးပိုက်လင်းတို့က အဆိုတင်သွင်းပြီး ထန်တလန် မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်းက ထောက်ခံ၍လည်းကောင်း အသီးသီးတင်သွင်းကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့၏ ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ပွဲတွင် ကြီးကြပ်ကွပ်ကဲစဉ်။ (သတင်းစဉ်)

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးတွင် လွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ယနေ့ အမည်စာရင်းတင်သွင်းခံရသော ဒုတိယသမ္မတလောင်း (၂)ဦးမှာ ဇမ္ဗူသီရိ မဲဆန္ဒနယ်မှ ဦးသိန်းစိန်နှင့် လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဦးစောသိန်းအောင်တို့ဖြစ်သည်။

ထို့နောက် ဒုတိယသမ္မတလောင်း အဆိုပြုလွှာများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က စိစစ်နိုင်ရန်နှင့် ဒုတိယသမ္မတလောင်း အမည်စာရင်းကို ပြုစုနိုင်ရန် အစုအဖွဲ့အစည်းအဝေးကို တစ်ရက်ရပ်နားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တောင်ပိုင်းဒေသများ နေရာကွက်ကျား မိုးရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁

ယနေ့ နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန် ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဖေဖော်ဝါရီ ၂ရက် ညနေအထိ ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန် ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မိတ္ထီလာမြို့နယ် စိုက်ပျိုးရေးရုံးဘေးလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ အငယ်တန်း အင်ဂျင်နီယာ-၂ ဒေါ်စန်းစန်းဝါနှင့်အဖွဲ့ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၅ရက်က အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

LIFESTYLES EXPO -2011 ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ပြသမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

Milky Way International Co., Ltd. သည် LIFESTYLES EXPO -2011 ပြပွဲကို ဖေဖော်ဝါရီ ၃ ရက်မှ ၆ ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသမည်ဖြစ်သည်။

ပြပွဲတွင် Shine Group of Companies မှ Main Sponsor နှင့် Co-Sponsor များအဖြစ် Asia Metal Co., Ltd., Ever Seiko Co., Ltd. တို့က ပံ့ပိုးကူညီကြပြီး Mitsubishi, Crown Electronic, Yee Shin, Haier Aircon, Infinity Investment, ELBA Electronics, JBS Electronics, Royal Tun Electronics, Cash n Carry, Canon, Concordia, Amtt, Toshiba Kyaw Win, Myat Kan Moe, Midea, Do Do Ko Ko တို့မှ Electronics နှင့်ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ KMD, Technoland, Cyber City Co., Ltd., SUZUKI တို့မှ Note Book နှင့် ကွန်ပျူတာပစ္စည်းအမျိုးမျိုး Hisense, Do Co Mo Mobile, Spice Well Com Mobile, SAMSUNG Mobile, Ko Ko Mo Mo တို့မှ မိုဘိုင်းလ်နှင့် WiFi ဖုန်းအမျိုးမျိုး၊ SM³မှ ဖုန်းဆော့ဝဲလ်အမျိုးမျိုး၊ Maruart New Wood Creator, Home Distribution Group ,ရွှေပင် ငွေပင် ဦးသန်းထွန်း၊ Gold Coil, Leeco, စိန်နှင့်မြ၊ Universal Furniture, MNZ, Golden Rose Industry တို့မှ နေအိမ်သုံး၊ ရုံးသုံး ခေတ်မီ ပရိဘောဂများနှင့် အဆင့်မြင့်အာမခံသေတ္တာများ၊ Auto ရေမော်တာ ထိန်းချုပ်စက်၊ Htun Thit Oo, Sp Distribution Group, IQ Lamp, Good & More, UNITEX, Silver Lotus, မျက်မှန်မောင်အေးနှင့်သား၊ Dear Moldan, Mya Na Di Trading တို့မှ လူသုံးကုန်ပစ္စည်းများနှင့် Cherry Oo မှ ကမ္ဘာ့နံပါတ်တစ် နာရီအမျိုးမျိုး၊ Kanebo , Pupa, Kracie, Now How, Sheene, Pierce Garden, FEM, Li Li , Hanna တို့မှ အလှကုန်ပစ္စည်းများအပြင် သီဟရတနာစာပေ၊ Total Learning Academy တို့မှ ပညာရေးဝန်ဆောင်မှုသင်တန်းများ၊ United Pharma တို့မှ Revicon အားဆေးတို့ဖြင့် ပြခန်းပေါင်း ၁၄၀ ကျော်နှင့် ကုမ္ပဏီပေါင်း ၅၀ ကျော်တို့က ဖျော်ဖြေရေး အစီအစဉ်များ၊ လက်ဆောင်ပစ္စည်းနှင့် အထူးဈေးနှုန်းများဖြင့် ခင်းကျင်းပြသ ရောင်းချမည်ဖြစ်သည်။ Milky Way International Co., Ltd. အနေဖြင့် ပြပွဲကို လာရောက်ကြည့်ရှု ဝယ်ယူသူများအတွက် Gift Voucher များ အပြင် Laptop တစ်လုံးနှင့် အဝတ်လျှော်စက်တစ်လုံးတို့ကို ကံထူးသူရွေးချယ်ပေးမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၇၃၀၄၃၆၁၁ နှင့် ၇၃၀၉၀၈၁၂ တို့ထံသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ကြာသပတေးနေ့-နံနက်-နေ့လယ်-ည)

၃-၂-၂၀၁၁

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော် (မောရသုတ်+ဝဋ္ဋသုတ်)
၇း၂၀ ဓမ္မပူဇာတေးပဒေသာ
၇း၂၅ (၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၂၀ လောကနီတိအသိရှိစေဖို့ (စေတနာ)
၈း၃၅ တေးပဒေသာ
၁၀း၀၀ မင်္ဂလာလက်ဆောင်
၁၀း၂၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅ ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (မေစပါယ်ညို)
၁၁း၄၅ သိပ္ပံပညာသိကောင်းစရာ (လူသားတွေလပေါ်မှာ နေထိုင်နိုင်တော့မယ်)
၁၁း၅၅ တေးသီချင်း
၁၂း၀၀ စံတော်ချိန် ဇာနည်စစ်သည်တေးပန်းချီ
၁၂း၂၀ ယဉ်ကျေးမှုအနုပညာ (**ဒဏ္ဍာရီလာသတ္တဝါများ-၂**)
၁၂း၃၀ တေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။

၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၁၅ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်ခန်းစာ (သမိုင်း)
၁၆း၃၀ အမှတ်တရတေးလက်ဆောင်
၁၇း၁၀ ဘဝတစ်ကွေ့အတွေ့အကြုံ (တက်ကျိုးရင်လက်ထိုးလော့်မယ် လက်ကျိုးရင် ခြေထိုးလော့်မယ်) တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ရေဒီယိုဇာတ်လမ်းတွဲ (ဂီတာတစ်လက်၏ နှလုံးသားသံစဉ်) (ပထမပိုင်း)
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ ညနေခင်းတေးပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း **ဒိုင်ယာရီ**
၁၈း၄၅ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၀၅ ညချမ်းချိန်ခါ တေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၁၉း၃၀ သုတစုံကြွယ်သိစေဖွယ် (ဒါန၏အကြောင်းအရာနှင့် ဦးနှောက်အာရုံကြောအမြင်)
၁၉း၄၀ ရေဒီယိုအတိတ်တေးအရိပ်
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ ချမ်းမြေ့သာယာသီရိဂေဟာ (သားစိုးတို့ဇနီးမောင်နှံ)
၂၀း၅၀ သူ့လက်သံ စောင်း-လှိုင်ဝင်းမောင် (မကွေး)ရဲ့ စောင်းလက်သံ စီးပွားရေးဦးတည်ချက်
၂၁း၀၀ ဆောင်းပါး (လူငယ်များဘာကြောင့် စာဖတ်ဖို့လိုသလဲ)
၂၁း၀၅ ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က

ဒုတိယသမ္မတလောင်းများ အဆိုပြုတင်သွင်း

နေပြည်တော် ဖေဖော်ဝါရီ ၁

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ဒုတိယသမ္မတလောင်းများကို အဆိုပြု တင်သွင်းခဲ့ကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့၏ ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ပွဲတွင် ကြီးကြပ်ကွပ်ကဲစဉ်။ (သတင်းစဉ်)

ကြီးကြပ်ကွပ်ကဲ

ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့၏ ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ပွဲတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ကြီးကြပ်ကွပ်ကဲ၍ လွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းဆွေက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် ဒုတိယသမ္မတလောင်းများ အဆိုပြုရန်အတွက် အဆိုပြုလွှာ ပုံစံ (၁)ကို လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ထံမှ ထုတ်ယူကြသည်။

ယင်းနောက် အဆိုပြုပြီး ထောက်ခံသော ဒုတိယသမ္မတလောင်းနှင့် သက်ဆိုင်သည့် အချက်အလက်များ ဖော်ပြထားသည့် အဆိုပြုလွှာ ပုံစံ(၁)ကို အခမ်းအနားမှူးမှတစ်ဆင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြကြသည်။

အမည်စာရင်းတင်သွင်း

ဒုတိယသမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းကြရာ၌ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါက်တာ စိုင်းမောက်ခမ်း(ခ) မောင်အုန်းကို မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးအောင်ထွန်းက အဆိုတင်သွင်းပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ဒင်(ခ) ဦးထေးရယ်က ထောက်ခံ၍လည်းကောင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါက်တာ စိုင်းမောက်ခမ်း(ခ) မောင်အုန်းကို ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ်က အဆိုတင်သွင်းပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးနေဝင်းထွန်းက ထောက်ခံ၍လည်းကောင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာအေးမောင်ကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါက်တာမြတ်ညဏစိုးက အဆိုတင်သွင်းပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်က ထောက်ခံ၍ လည်းကောင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာအေးမောင်ကို ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးစိုင်းသန့်ဇင်နှင့် ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးမင်းမျိုးတင့်လွင်တို့က အဆိုတင်သွင်းပြီး ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်းက ထောက်ခံ၍လည်းကောင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာအေးမောင်ကို မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးနိုင်ထွန်းအုံနှင့် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးကျော်သိန်းတို့က အဆိုတင်သွင်းပြီး မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဦးဗညားအောင်မိုးက ထောက်ခံ၍ လည်းကောင်း အသီးသီးတင်သွင်းကြသည်။

ယနေ့ အမည်စာရင်း တင်သွင်းခံရသော ဒုတိယသမ္မတလောင်း (၂)ဦးမှာ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါက်တာစိုင်းမောက်ခမ်း (ခ) မောင်အုန်းနှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာအေးမောင်တို့ဖြစ်သည်။

ထို့နောက် ဒုတိယသမ္မတလောင်း အဆိုပြုလွှာများကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က စိစစ်နိုင်ရန်နှင့် ဒုတိယသမ္မတလောင်း အမည်စာရင်းကို ပြုစုနိုင်ရန် အစုအဖွဲ့အစည်းအဝေးကို တစ်ရက်ရပ်နားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အမှတ်(၂) အခြေခံပညာဦးစီးဌာန ပညာရေးဝန်ထမ်းများ ကွန်ပျူတာသင်တန်းဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၁

ပညာရေးဝန်ကြီးဌာန အမှတ်(၂) အခြေခံပညာဦးစီးဌာနနှင့် Soft Guide Co.,Ltd. တို့ ပူးပေါင်းကျင်းပသော ပညာရေးဝန်ထမ်းများ Intensive Course Computer Applications သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အမှတ်(၂) အခြေခံပညာဦးစီးဌာန ခန်းမ၌ကျင်းပရာ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(တာဝန်) ဦးရဲလွင်အောင်နှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီးပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးများနှင့် အခြေခံပညာအထက်တန်းကျောင်းအုပ်များ၊ Soft Guide Co.,Ltd. Managing Director၊ ကွန်ပျူတာပညာရှင်အသင်းမှ ဖိတ်ကြားထားသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ်(တာဝန်) ဦးရဲလွင်အောင်က အမှာစကားပြောကြားပြီး Soft Guide Co.,Ltd. Managing Director က သင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို ယနေ့မှ ဖေဖော်ဝါရီ ၉ ရက်အထိ အမှတ်(၂) အခြေခံပညာဦးစီးဌာန၌ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ရာ သင်တန်းသား သင်တန်းသူ ၄၀တို့ တက်ရောက်ကြပြီး သင်တန်းတွင် ရုံးလုပ်ငန်းသုံး Windows Operation System, Microsoft Word, Microsoft Excel, Microsoft Power Point သင်ခန်းစာများကို ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အဆင့်မြင့်ပညာရေးပြပွဲ (၂၀၁၁)ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

စင်ကာပူ၊ ထိုင်းနှင့် ဗြိတိန်နိုင်ငံတို့ရှိ နာမည်ကြီးကျောင်းများ၏ ပညာရေးဆိုင်ရာ သတင်းအချက်အလက်များကို တစုတစည်းတည်း ရရှိနိုင်ရန်နှင့် ၂၀၁၁ ခုနှစ် ပညာရေးလမ်းကြောင်းများကို အချိန်နှင့်တစ်ပြေးညီ ရယူနိုင်ရန်ရည်ရွယ်၍ အဆင့်မြင့်ပညာရေးပြပွဲ (၂၀၁၁)ကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ ရန်ကုန် မြို့ Parkroyal Hotel ရှိ Ball Room 2 & 3 တို့၌ ကျင်းပမည်ဖြစ်သည်။

ယင်းပညာရေးပြပွဲသို့ တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်ပြီးသူများ၊ တက္ကသိုလ် တက်ရောက်နေဆဲသူများ၊ City & Guild Diploma တက်ရောက်လိုသူများ၊ ရရှိထားပြီးသူများ၊ IDCS, IADCS, Dip in Computer Art & Dip in IT ပြီးထားသူများ၊ အခြားလက်မှတ်ရရှိထားသူများ၊ LCCI, ACCA, CAT တက်ရောက်ဆဲ သို့မဟုတ် အောင်မြင်ပြီးသူများ တက်ရောက်နိုင်သည်။

ကျင်းပ

ပညာသင်ဆု လျှောက်ထားလိုသော ကျောင်းသား ကျောင်းသူများအတွက် ၂၀၁၁ ခုနှစ် ကျောင်းဖွင့်ချိန်အတွက် ပညာသင်ဆု အရည်အချင်းစစ်စာမေးပွဲနှင့် အင်တာဗျူးတို့ကို ဖေဖော်ဝါရီ ၁၄ ရက်တွင် OESC Seminar Room ၌ ဆက်လက်ကျင်းပပေးသွားမည်ဖြစ်သည်။

ပညာသင်ဆု လျှောက်ထားနိုင်မည့် ဘာသာရပ်များမှာ Management, International, Business, Software Engineering, Networks and Database Management, Web and Mobile Applications, Architectural Technology Management, Energy and Environmental Management, Management Information Systems and English for Communication ဘာသာရပ်များ ဖြစ်သည်။

ပညာသင်ဆု အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုလိုသူများအနေဖြင့် ဖေဖော်ဝါရီ ၈ ရက် နောက်ဆုံးထား၍ OESC သို့ ဆက်သွယ်စုံစမ်းပြီး နာမည်စာရင်း ပေးသွင်းရမည် ဖြစ်သည်။

လေ့လာနိုင်

အသေးစိတ်သိရှိလိုပါက OESC ဖုန်း-၅၁၉၀၉၂၊ ၇၃၀၉၄၀၆၀နှင့် ၀၉-၅၀၈၆၈၁၉တို့သို့ ဆက်သွယ်စုံစမ်းပြီး နာမည်စာရင်းကို ကြိုတင်ပေးသွင်း၍ တက်ရောက်လေ့လာနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

✻ ကျောဖုံးမှ

ကြီးကြပ်ဆောင်ရွက်

အစည်းအဝေးအစီအစဉ်အရ ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က နေရာယူပြီး ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေးကို ကြီးကြပ်ဆောင်ရွက်သည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၆၈)ဦးရှိသည့်အနက် (၁၆၈)ဦးစလုံး တက်ရောက်သည့်အတွက် (၁၀၀)ရာခိုင်နှုန်း ရာနှုန်းပြည့်ဖြင့် ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ထို့နောက် ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက ဒုတိယသမ္မတလောင်း အဆိုပြုခြင်း၊ ထောက်ခံခြင်းနှင့် အဆိုပြုလွှာကို အခမ်းအနားမှူးမှတစ်ဆင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခြင်းများ ဆက်လက်ဆောင်ရွက်ကြသည်။

ရွေးချယ်

ယင်းနောက် ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံခြင်း ရှိ/မရှိ စိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့တွင်ပါဝင်မည့် ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ရွေးချယ်ရာတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးမျိုးမြင့်အား ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က သဘောတူသည့်အတွက် ဦးမျိုးမြင့်အား နိုင်ငံတော်သမ္မတ အရည်အချင်းနှင့်ပြည့်စုံမှု ရှိ/မရှိ စိစစ်ရေးအဖွဲ့ဝင်အဖြစ် ရွေးချယ်ကြောင်း ကြေညာသည်။

ကြေညာ

ထို့နောက် အဆိုပြုလွှာများကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က စိစစ်နိုင်ရန်နှင့် ဒုတိယသမ္မတလောင်းများ အမည်စာရင်းကို ပြုစုနိုင်ရန်အတွက် ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကို တစ်ရက်ရပ်နားမည်ဖြစ်ကြောင်းနှင့် အစုအဖွဲ့အစည်းအဝေးကို ဖေဖော်ဝါရီ ၃ရက် (ကြာသပတေးနေ့)တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြေညာပြီး အစည်းအဝေးကို နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

လက်မှတ်ရေးထိုး

ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

နတ်ကာရေလှောင်တမံတည်ဆောက်ပြီးစီးမှု ဝန်ကြီးဦးဌေးဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဦးဌေးဦးသည် ဇန်နဝါရီ ၂၂ရက် နံနက် ၁၁ နာရီက မိတ္ထီလာမြို့နယ် ကဖြူကွင်းအုပ်စုသို့ ရောက်ရှိပြီး မိတ္ထီလာကန် ရေသောက်ဧရိယာအတွင်းရှိ ကောက်ကွေ့မြောင်းကို နုန်းဖယ်တူးဖော်ခြင်းနှင့် တူးမြောင်းအဆောက်အအုံများ အသေးစားပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးကိစ္စများ ဆွေးနွေးမှာကြားသည်။ ကောက်ကွေ့မြောင်းမှာ အရှည်ပေ ၁၂၀၀၀ရှိပြီး တူးမြောင်းအဆောက်အအုံ သုံးခုကို အသေးစားပြုပြင်ပြီးဖြစ်၍ စိုက်ပျိုးရေများ အကျိုးရှိစွာ အသုံးပြုနိုင်မည်ဖြစ်သည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ပျော်ဘွယ်မြို့နယ် ယင်းတော်ရွာအနီးရှိ ယင်းတော်ကန်ကို ရေပိုမို သိုလှောင်နိုင်ရန် ပြုပြင်ပြီးနောက်ပိုင်း ရေစီးဝင်မှုနှင့် ရေသိုလှောင်ထားရှိမှုအခြေအနေ၊ နွေစပါးအတွက် ရေပေးဝေမည့်အစီအစဉ်များ၊ ရေထိန်းမျှော်စင်၊ ရေထုတ်ပြွန်များနှင့် ကန်ပေါင်များ၏ ကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ယင်းတော်ကန်ကို ရေပိုမိုသိုလှောင်နိုင်ရန် ကန်ပေါင်အလျား ပေ ၂၄၁၀၀၊ အမြင့် ပေ ၂၀အထိ ပြုပြင်ပြီး ရေ ၃၆၆၄ဧကပေ သိုလှောင်နိုင်သည်။

ဆက်လက်၍ ဝန်ကြီးသည် ပျော်ဘွယ်မြို့နယ် မဲဒီးကျေးရွာအနီး နတ်ကာချောင်းပေါ်၌ တည်ဆောက်နေသော နတ်ကာရေလှောင်တမံသို့ ရောက်ရှိပြီး ရှုရပ်မှ ကုန်းကျောတမံမြေသားဖို့နေမှု၊ ရေဖျန်းပြီး မြေကြိတ်နေမှု၊ ပင်မတမံသပ်ကျင်းတူးဖော်နေမှု၊ စက်ယန္တရားကြီးများဖြင့် မြေဖို့ပြီးရေဖျန်းခြင်း၊ မြေကြိတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဘိလပ်မြေမှုတ်သွင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ကျောက်များစုဆောင်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

<u>အထောက်အကူပြု</u>

နတ်ကာရေလှောင်တမံသည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် မဲဒီးကျေးရွာအနီး နတ်ကာချောင်းပေါ်၌ ပင်မတမံအလျားပေ ၃၂၀၀၊ ကုန်းကျောတမံပေ ၅၆၀၊ တမံအမြင့် ၈၅ပေရှိ မြေသားတမံအမျိုးအစားအဖြစ် တည်ဆောက်ကာ သိုလှောင်ရေ ဧကပေ ၁၁၃၀၀ရှိပြီး ရေသောက်ဧရိယာ ဧက ၁၂၀၀ရှိသည့် ရေလှောင်တမံဖြစ်သည်။ ရေလှောင်တမံတည်ဆောက်ပြီးစီးပါက နတ်ကာနှင့် ယင်းတော်ကြားရှိ မြေဧရိယာ ဧက ၁၂၀၀ရေပေးဝေနိုင်မည်ဖြစ်သည့်အပြင် ယင်းတော်ကန်သို့လည်း ရေကူပေးနိုင်မည်ဖြစ်သည့်အတွက် ဒေသဖွံ့ဖြိုးရေးနှင့် စိမ်းလန်းစိုပြည်ရေးတို့ကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ်ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁

မြန်မာပို့စ်ဂျာနယ် အတွဲ ၃၊ အမှတ် ၅ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် တစ်နိုင်ငံလုံး၌ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်စီးရေ တိုးပွားနေ၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပိုမိုဂရုစိုက်ရန် လိုအပ်၊ ကမ္ဘာတစ်ဝန်း ၂၀၀၃မှ ၂၀၁၁ ဇန်နဝါရီ ၁၃ရက်အထိ ကြက်ငှက်တုပ်ကွေးရောဂါ ၆၃ နိုင်ငံဖြစ်ပွား၊ ၁၅နိုင်ငံ၌ လူ ၅၁၇ဦးသို့ ကူးစက်ပြီး ၃၀၆ ဦးသေဆုံး၊ ဗဟန်းရွှေဂုံတိုင်မီးပွိုင့်၌ ယာဉ်လေးစီး ချိတ်မိပြီး စူပါပါဝါအရောင်းပြခန်းထဲဝင်တိုက်မှု ယာဉ်မောင်းအား ဖမ်းဆီးအရေးယူထား စသည့်မျက်နှာဖုံးသတင်းဆောင်းပါးများ၊ တရုတ်ကုမ္ပဏီနှင့် မြန်မာကုမ္ပဏီတို့ ပူးပေါင်းထုတ်လုပ်သည့် ဟန်းဆက်များရောင်းချမည်၊ ဒီဇယ်စက်ခေါင်းများဖြင့် မောင်းနှင်နေသော ရထားများ ရေဓာတ်ငွေ့ဖြင့် မောင်းနှင်ရန်စီစဉ်၊ အထပ်မြင့် အဆောက်အအုံများနှင့် သိထားသင့်သော မြေငလျင်ကြိုတင်ကာကွယ်မှုများ စသည့် မျက်နှာဖုံးသတင်းများနှင့် မောင်ဝံသ၊ မောင်သိန်းညွန့် (ကော့ကရိတ်)၊ ရဲမြင့်သိန်း၊ အောင်ဇေတို့၏ လေ့လာမှတ်သားဖွယ်ဆောင်းပါးများ ဖော်ပြထားသည်။

မြန်မာပို့စ်ဂျာနယ်တွင် ဖော်ပြနေကျဖြစ်သည့် ပြည်တွင်းပြည်ပ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အနုပညာသတင်းများ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် အနယ်နယ်အရပ်ရပ်မှ သတင်းများ၊ မှုခင်းသတင်းများ၊ ပြည်တွင်း ပြည်ပ အားကစားသတင်းများကို ဝေဝေဆာဆာဖော်ပြထားသည်။

ထို့အပြင် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး မြန်မာ-ကမ္ဘောဒီးယား ပူးပေါင်းဆောင်ရွက်မည်၊ အာဆီယံစားနပ်ရိက္ခာလုံခြုံမှု သတင်းအချက်အလက် စီမံကိန်းတွင် မြန်မာပါဝင်ဆောင်ရွက်၊ မဲခေါင်မြစ်ထိန်းသိမ်းရေး၌ မြန်မာနိုင်ငံ ပူးပေါင်းဆောင်ရွက်မှုက အဓိကကျ၊ ကျောင်းသားမိဘဈေးသည် ၁၀ဦးအား ကျောင်းရန်ပုံငွေထဲမှ ကျပ်ငါးသိန်းထုတ်ချေးသားသမီးပညာရေးအထောက်အကူပြုရေးရည်ရွယ် စသည့် စိတ်ဝင်စားဖွယ်သတင်းများဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

ကွတ်ခိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ရပ်ကွက်(၁) စံပြလမ်းသွယ်(၂) ကတ္တရာခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၇ ရက်က အမှုဆောင်အရာရှိ ဦးနန်းဖိန်လှအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်မျိုးတို့ ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂)ဦးယိုင်ဆိုင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား

၂-၂-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

<u>နံနက်ပိုင်း</u>

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၅	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ် ချိုနားဝင်
၇း၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

<u>ညပိုင်း</u>

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၁၀	၃။	နိုင်ငံတော်သီချင်း
၄း၁၅	၄။	အဖွင့်သီချင်း
၄း၂၀	၅။	မျိုးချစ်တပ်မတော်
၄း၂၅	၆။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၇။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၃၅	၈။	ရှေးဟောင်းသုတ
၄း၄၅	၉။	သတိနှင့်တိုးမည့် ပိုးဖလံများ
၅း၃၅	၁၀။	၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (အင်္ဂလိပ်စာ)
၅း၄၀	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၅၀	၁၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၃၅)
၆း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၄။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၅။	လျှပ်တစ်ပြက်
၆း၃၅	၁၆။	Mail Box
၆း၄၅	၁၇။	ကာတွန်းအစီအစဉ် **ဆိုက်ကစ်ပါဝါ သူရဲကောင်းလေးများ** (အပိုင်း-၄၃)
၇း၀၀	၁၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်သောအားမာန်** (အပိုင်း-၃၄)
၈း၀၀	၁၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	နိုင်ငံတကာသတင်း
	၂၂။	မိုးလေဝသသတင်း
	၂၃။	ရယ်စရာပျော်စရာ ဟာသကမ္ဘာ **ထိုက်ထိုက်တန်တန်ဆုပေးပွဲ** ဟန်ထက်စော၊ ဇော၊ ကျော်ထူး၊ ခင်လှိုင်နှင့် သရုပ်ဆောင်များ (ဒါရိုက်တာ-စိန်လင်း) (ပုံရိပ်ရွှေမြေ)
	၂၄။	လျှပ်တစ်ပြက်
	၂၅။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မျှဉ်းပြိုင်များ** (အပိုင်း -၃)
	၂၇။	ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

Laundry Services Center ဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁

Hanse Care & Clean Services Co., Ltd. ၏ Wash & Care Linen Rental & Commercial Laundry Services Center ဖွင့်ပွဲကို ဇန်နဝါရီ ၂၅ရက် နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ ဒူးဆစ်အင်းလျားကန် ဟိုတယ်ဝင်းရှိ Services Center ၌ ကျင်းပသည်။

ရှေးဦးစွာ ဧည့်သည်တော်များအား Lagoon Wet Cleaning System အကြောင်းကို ရှင်းလင်းသရုပ်ပြသည်။

ယင်းနောက် ဧည့်သည်တော်များသည် Hanse Care & Clean Services Co., Ltd . က Hotel, Restaurant, Club House များသို့ ငှားရမ်းခြင်း ဝန်ဆောင်မှုပေးသော အိပ်ရာခင်း၊ ခေါင်းအုံးစွပ်၊ မျက်နှာသုတ်ပဝါ၊ စားပွဲခင်း၊ လက်သုတ်ပဝါနှင့် ထိုင်ခုံအစွပ်များ လျှော်ဖွပ်ပုံ၊ သိမ်းဆည်းပုံ၊ ထုပ်ပိုးပုံအဆင့်ဆင့်တို့ကို ကြည့်ရှုလေ့လာကြသည်။

<u>ရှင်းလင်းပြောကြား</u>

ထို့နောက် Hanse Care & Clean Services Co., Ltd . မန်နေဂျင်းဒါရိုက်တာ ဦးအောင်သန်းဌေးက အမှာစကားပြောကြားပြီး Electrolux Asia Pacific Office ဒါရိုက်တာက Electrolux ၏ ကမ္ဘာတစ်ဝန်း၌ ကုမ္ပဏီရုံးခွဲများ၊ ကိုယ်စားလှယ်များထားရှိပြီး လုပ်ငန်းသုံး အဝတ်လျှော်စက်၊ အခြောက်စက်၊ မီးပူတိုက်စက်များ ထုတ်လုပ်ရောင်းချနေမှုများကိုလည်းကောင်း၊ Dealer Manager က Electrolux Professional Laundry System နှင့် သမားရိုးကျ Dry Cleaning System မှ Wet Cleaning System သို့ ပြောင်းလဲတီထွင်မှုကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။ Commercial Laundry Service ကဏ္ဍကို ထောက်ကူ ဖြည့်စွက်ခြင်း၊ တစ်ဦးချင်းအတွက်လည်း ရေဖြင့် လျှော်၍မရသော Dry Cleaning Only ဆိုသည့် အဖိုးတန်အဝတ်အစားများကို Wet Cleaning Systemဖြင့် လျှော်ဖွပ်နိုင်ရန် ပံ့ပိုးပေးနိုင်ပြီဖြစ်သည်။

<u>မိတ်ဆက်ပေး</u>

Hanse Care & Clean Services Co., Ltd. ၏ Wash N ' Care Linen Rental & Commercial Laundry Services Center ကို ပြည်တွင်းဈေးကွက်အတွက် ဖွင့်လှစ်မိတ်ဆက်ပေးခြင်းဖြစ်သည်။ **(သတင်းစဉ်)**

အရန်သားဖွားသင်တန်းဆင်းပွဲ တာချီလိတ်၌ကျင်းပ

တာချီလိတ် ဖေဖော်ဝါရီ ၁

တာချီလိတ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်ခဲ့သည့် အရန်သားဖွားခြောက်လသင်တန်းဆင်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၅ ရက် နံနက် ၉ နာရီက အဆိုပါအသင်းရုံး၌ ကျင်းပရာ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဌေးဌေးဝင်းက သင်တန်းဆင်း အမှာစကားပြောကြားကာ ထူးချွန်ဆုရ သင်တန်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရွှေမိုးသူဇာက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ဝ၁၆)**

ကျေးရွာချင်းဆက်လမ်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်တွင် ဇန်နဝါရီ ၂၇ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဆွေမြင့်နှင့် မြို့နယ်ဆည်မြောင်း ဦးစီးအရာရှိ ဦးအောင်ဇော်မင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်နော်ရှည်၊ မြို့နယ်မြေစာရင်းဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးထွန်းသိန်းနှင့်အဖွဲ့သည် ကြီးပင်လဟာတောင်စု-ဥက္ကံကံကုန်း ကျေးရွာချင်းဆက် မြေသားလမ်းဂဝံခင်းခြင်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကြသည်။ **(အောက်ပုံ)**

အဆိုပါလမ်းသည် အလျားပေ ၁၀၅၀၀၊ အနံ ၁၇ ပေ၊ ဒု ၆ လက်မရှိပြီး လမ်းပိုင်းကို ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ် ၁၀သိန်း၊ ပြည်သူများ၏ ထည့်ဝင်ငွေကျပ် ၁၀ သိန်း၊ စုစုပေါင်းငွေကျပ် သိန်း ၂၀ အကုန်အကျခံ၍ ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အထူးအသက်မွေး သင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်) နှင့် အင်္ဂလန်နိုင်ငံ Confederation of Tourism and Hospitality (CTH) အသိအမှတ်ပြု Asia Masters ဟိုတယ်သင်တန်းကျောင်းသည် ပြည်တွင်း/ပြည်ပ အလုပ်အကိုင် ရှာဖွေလိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်း ငယ် လုပ်လိုသူများအတွက် အထူးအသက်မွေးသင်တန်းတစ်ခုကို ဖေဖော်ဝါရီ ၄ရက်တွင် ဖွင့်လှစ်မည် ဖြစ်သည်။ သင်တန်းအမျိုးအစားအနေဖြင့် အလုပ်အကိုင် ရှာဖွေလိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူများအတွက် နှစ်လ Certificate သင်တန်းများနှင့် နိုင်ငံတကာအသိအမှတ်ပြု CTH Hotel Management Diploma နှင့် Advanced Diploma for Hotel Management များအတွက် တစ်နှစ်သင်တန်းများဟူ၍ နှစ်မျိုးပါဝင်သည်။

တက်ရောက်နိုင်

နှစ်လ Certificate သင်တန်းများတွင် ဟိုတယ်စားဖိုမှူး၊ ဘားဝန်ထမ်း၊ စားပွဲထိုး၊ ဧည့်ကြိုနှင့် လေယာဉ်မယ်၊ အိပ်ခန်းဆောင်ထိန်း၊ အဲယားကွန်းကျွမ်းကျင်၊ အရောင်းနှင့် ငွေကိုင် ဝန်ထမ်းသင်တန်းဟူ၍ သင်တန်းခုနစ်မျိုး ပါဝင်သည်။ Certificate သင်တန်းများအတွက် အသက်အရွယ်မရွေး၊ ကျားမမရွေး၊ ပညာအရည်အချင်းမရွေး တက်ရောက်နိုင်သည်။

စိတ်ကြိုက်ဖြေဆိုနိုင်

တစ်နှစ် CTH Diploma in Hotel Management သင်တန်းမှာ အင်္ဂလန်နိုင်ငံ CTH အသိအမှတ်ပြု ဖြစ်ပြီး ပြည်တွင်း/ပြည်ပ ဟိုတယ်ကြီးများ၊ စားသောက်ဆိုင်ကြီးများတွင် မန်နေဂျာဖြစ်လိုသူများ တက်ရောက်သင့်သည့် သင်တန်းဖြစ်သည်။ ဘာသာရပ် ၁၀မျိုး ပါဝင်ပြီး တစ်နှစ်တွင် စာမေးပွဲ သုံးကြိမ်ရှိသည်။ စာမေးပွဲများကို ဇန်နဝါရီ၊ ဇွန်နှင့် စက်တင်ဘာလများတွင် ကျင်းပပြီး မိမိပိုင်နိုင်သည့် ဘာသာရပ်များကို စိတ်ကြိုက်ဖြေဆိုနိုင်သည်။ ပညာအရည်အချင်းမရှိပါကလည်း လုပ်ငန်းအတွေ့အကြုံရှိသူများ တက်ရောက်နိုင်သည်။ Diploma သင်တန်း ပြီးဆုံးပါက Advanced Diploma သင်တန်းတစ်နှစ်ကို မြန်မာနိုင်ငံတွင် ဆက်လက် တက်ရောက်နိုင်သည်။ နောက်ဆုံးနှစ်ဘွဲ့ယူရန်အတွက် နိုင်ငံတကာတက္ကသိုလ်များတွင် ဆက်လက်တက်ရောက်နိုင်သည်။

ပြင်ဆင်ထား

Asia Masters သည် မြန်မာနိုင်ငံတွင် ပထမဆုံး ဘက်စုံဖွံ့ဖြိုးရေး သင်တန်းတစ်ခုဖြစ်ပြီး သင်တန်းတစ်ခု တက်ရောက်သူတိုင်းကို အင်္ဂလိပ်တရုတ်ဘာသာစကား၊ ကွန်ပျူတာ အခြေခံနှင့်အင်တာနက်၊ ကိုယ်ကာယအလှသင်တန်း၊ ယူနီဖောင်းနှင့် ရန်ကုန်မြို့တွင်း ဟိုတယ်နှင့် စားသောက်ဆိုင်များ လေ့လာရေးခရီး အလုပ်အကိုင် သတင်းအချက်အလက်တို့ကို အခမဲ့ ထည့်သွင်းပေးထားသည်။ မြန်မာနိုင်ငံ ဟိုတယ်စားသောက်ဆိုင်များအပြင် ယူအေအီး၊ ကာတာ၊ ကူဝိတ်၊ ဆော်ဒီ၊ အိုမန်၊ ဘာရိန်း၊ မလေးရှားနှင့် စင်ကာပူနိုင်ငံများမှ ဟိုတယ် SOP များအတိုင်း သင်ကြားပေးသဖြင့် အလုပ်အကိုင်အတွက် ပြင်ဆင်ထားပြီး ဖြစ်သည်။

စုံစမ်းစာရင်းပေးသွင်းနိုင်

အသေးစိတ်သိလိုပါက ဖုန်း ၃၇၉၃၁၁၊ ၃၉၁၃၇၈ လိုင်းခွဲ -၇၁၅၊ E.mail အမှတ် kml 1983 .a @ gmail.com.သို့လည်းကောင်း website အမှတ် www. asiamasters. org တွင်လည်းကောင်း စုံစမ်းစာရင်း ပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကင်တာခရီးသည်တင်ယာဉ်အား ကျော်တက်စဉ် မှန်လုံယာဉ်က ဝင်တိုက်မိခဲ့သဖြင့် ဒဏ်ရာရခရီးသည် ၂၇ ဦးအနက် တစ်ဦးသေဆုံးခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၁

၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂၆ရက် သတင်းစာများတွင် မဆင်မခြင်မောင်းနှင်မှုများကြောင့် ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများ ဖြစ်ပွားခေါင်းစဉ်ဖြင့် သတင်းဖော်ပြရာ၌ မြင်းကဆိပ်-ပုသိမ် ပြေးဆွဲသည့် ကင်တာခရီးသည်တင်ယာဉ်တစ်စီးသည် ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီခန့်တွင် ရွှေဝသုန် ခရီးသည်တင်မှန်လုံယာဉ်တစ်စီးအား နောက်မှ ကျော်တက်စဉ် ကားချင်းချိတ်မိပြီး ကင်တာယာဉ်မှာ လမ်းပခုံးပေါ်သို့ တိမ်းမှောက်၍ မှန်လုံယာဉ်မှာ လမ်းဝဲဘက်ရေမြောင်းထဲသို့ ထိုးကျတိမ်းမှောက်ခဲ့ကြောင်း၊ ကင်တာယာဉ်မောင်းအား အမှုဖွင့်အရေးယူထားကြောင်း စသည်ဖြင့် ယာဉ်များမဆင်မခြင် မောင်းနှင်ခြင်းမပြုရန် အသိပညာပေး သတင်းတစ်ပုဒ်အားဖော်ပြခဲ့သည်။

အရှိန်ပြင်းစွာတိုက်

အဆိုပါ ယာဉ်တိမ်းမှောက်မှုနှင့်ပတ်သက်၍ ဆက်လက်စုံစမ်း မေးမြန်းချက်အရ ဖြစ်စဉ်အမှန်မှာ မြင်းကဆိပ်-ပုသိမ်ပြေးဆွဲသည့် ကင်တာခရီးသည်တင်ယာဉ်အား မြောင်းမြ-ပုသိမ်ပြေးဆွဲသည့် ရွှေဝသုန်ခရီးသည်တင်မှန်လုံယာဉ်က နောက်မှကျော်တက်စဉ် အရှိန်ပြင်းစွာတိုက်မိခဲ့သဖြင့် ကင်တာယာဉ်နောက်ပိုင်းကြေမွသွားပြီး လမ်းညာဘက်သို့ တိမ်းမှောက်လဲကျသွားခဲ့ကြောင်း၊ ကင်တာကား၏ ခေါင်းပိုင်းနှင့်ကိုယ်ထည်ပျက်စီးသွားခဲ့ပြီး ရွှေဝသုန်မှန်လုံယာဉ်မှာ လမ်း၏ ဝဲဘက်ရေမြောင်းထဲသို့ ထိုးကျရပ်တန့်သွားခဲ့သော်လည်း တိမ်းမှောက်မှုမရှိခဲ့ကြောင်း၊ ယင်းကဲ့သို့ တိုက်မိမှုကြောင့် ကင်တာခရီးသည်တင်ယာဉ်ပေါ်ရှိ ခရီးသည် ၂၅ ဦးနှင့် ရွှေဝသုန်မှန်လုံယာဉ်ပေါ်ပါခရီးသည်နှစ်ဦး စုစုပေါင်း ၂၇ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့သဖြင့် ပုသိမ်ဆေးရုံသို့ ပို့ဆောင်ကုသနေစဉ် ကင်တာယာဉ်နောက်လိုက် ချစ်ဖွယ် (ဘ)ဦးဝင်းကြည်မှာ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်ခိုက်တိမ်းမှောက်မှုဖြစ်စဉ်အမှန်အား သတင်းဆက်အဖြစ် ရရှိမှု အခြေအနေနှင့် ယာဉ်မောင်းများအနေဖြင့် သတိဖြင့်သွားလာ မောင်းနှင်ကြရန် အသိပေးလိုက်ရပါသည်။

(သတင်းစဉ်)

အောင်ဘာလေသိန်းဆု ပေါက်သည်ဆိုပြီး ငွေလိမ်သူ သက်ဆိုင်ရာက အမှုဖွင့်အရေးယူခဲ့

နောင်ချို ဖေဖော်ဝါရီ ၁

ဇန်နဝါရီ ၁၂ ရက် မွန်းလွဲပိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ၄ကွေလေးကျေးရွာ နေထိုင်သူ ဒေါ်....ထံသို့ ရန်ကုန်မြို့ အောင်ဘာလေဌာနရုံးချုပ်မှဆိုပြီး လူတစ်ဦးက သူမကိုင်ဆောင်သည့် လက်ကိုင်ဖုန်းသို့ အောင်ဘာလေသိန်းဆု ပေါက်သည်ဟု ပြောကြားလာပြီးနောက် အောင်ဘာလေရုံးချုပ်သို့ ငွေကျပ် ၂၇ သိန်း ပေးသွင်းရန် ဖုန်းဖြင့် အကြိမ်ကြိမ်တောင်းသဖြင့် ဒေါ်... မှ ယုံကြည်၍ ငွေကျပ် ၂၇သိန်းအား နိုင်လင်း ၅/မမတ(နိုင်)၀၄၈၅၈၁ လိပ်စာဖြင့် ဘဏ်မှ ငွေလွှဲပေးခဲ့ပြီး နောက်ထပ် ကျပ် ၁၇ သိန်း ရုံးချုပ်သို့ ထပ်မံပေးသွင်းရမည်ဟု ဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားခဲ့ရာ ဒေါ်... က မယုံကြည်တော့ဘဲ နောင်ချိုရဲစခန်းသို့ သတင်းပေး တိုင်ကြားခဲ့သည်။

အမှုဖွင့်အရေးယူ

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ နောင်ချိုမြို့နယ် ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်ကျော်ဝင်း ကြီးကြပ်စီစဉ်၍ နယ်ထိန်းဒုရဲအုပ် ဇော်မင်းနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များက ထီပေါက်သည်ဆိုပြီး ဖုန်းဖြင့် ငွေလိမ်သူ တရားခံ နိုင်လင်း အသက် ၃၃ နှစ်၊ (ဘ) ဦးကျော်လှ စားပွဲထိုးလုပ်ကိုင်သူ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် နေသူအား ဖော်ထုတ်ဖမ်းဆီးရသဖြင့် နောင်ချိုရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(၀၂၅)

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဖေဖော်ဝါရီ ၁

ယနေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ် ၂၄ စက္ကန့်တွင် မန္တလေးမြေငလျင်တိုင်းထွာရေးစခန်းမှ အရှေ့မြောက်ဘက်မိုင် ၂၃၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (ယူနန်ပြည်နယ်အတွင်း)နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဖေဖော်ဝါရီ ၁

ယနေ့ ည ၈ နာရီ ၁၂ မိနစ်တွင် ကမ္ဘာအေးမြေငလျင်တိုင်းထွာရေးစခန်းမှ တောင်-အနောက်တောင်ဘက် မိုင် ၄၄၀ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပ(အိန္ဒိယနိုင်ငံ၊ ကပ္ပလီကျွန်း)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၆ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၁ ရက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်လမ်းရှိ မြန်မာ့အလှတာဝါ(၂)တွင် တည်ရှိသော မသန်စွမ်းသူများနှင့် ဖွဲ့စည်းထားပြီး မသန်စွမ်းသူများ၏ လိုအပ်ချက်များကို ဆောင်ရွက်ပေးလျက်ရှိသည့် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)ရုံးချုပ်သို့ ရန်ကုန်မြို့ အင်းစိန်မြို့နယ် YTU ဝင်းနေ ဒေါက်တာတိုးတိုးဝင်းက အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတကာအားကစား

နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား

ကားလို့စ်ဗီလာ ဝက်စ်ဘရွန်းနှင့် အငှားစာချုပ်

လန်ဒန် ဖေဖော်ဝါရီ ၁

အာဆင်နယ်အသင်းမှ မက္ကဆီကိုလူငယ်တိုက်စစ်မှူး ကားလို့စ်ဗီလာအား ဝက်စ်ဘရွန်းက ရာသီကုန်အထိ အငှားခေါ်ယူ စာချုပ်လိုက်သည်။ **(အောက်ပုံ)**

အသက် ၂၁ နှစ်အရွယ်ရှိ ကားလို့စ်ဗီလာသည် အာဆင်နယ်သို့ လွန်ခဲ့သော သုံးနှစ်က ရောက်ရှိလာခဲ့ပြီးနောက် ပွဲပေါင်း ၆၂ ပွဲပါဝင်ကစားခဲ့သည်။ ယင်းအနက် အစပွဲ ၁၁ ပွဲပါဝင်ပြီး ကိုးဂိုးသွင်းယူပေးနိုင်ခဲ့သည်။

၎င်းသည် ယခုနှစ်ရာသီတွင် ၁၃ ပွဲပါဝင်ကစားခဲ့ပြီး သုံးဂိုး သွင်းယူထားသည်။ အာဆင်နယ်နည်းပြ ဝင်းဂါးက ဘယ်သန်တိုက်စစ်မှူး ကားလို့စ်ဗီလာအား အာဆင်နယ်အသင်းအတွက် မျှော်လင့်ထားပြီး ၂၀၀၉ ခုနှစ် ဒီဇင်ဘာတွင် နှစ်ရှည်စာချုပ် ချုပ်ဆိုထားသည်။

(အင်တာနက်)

နယူးကာဆယ်တိုက်စစ်မှူး အင်ဒီကာရိုးလ်အား လီဗာပူး ပေါင် ၃၅ သန်းပေးခေါ်ယူ

လန်ဒန် ဖေဖော်ဝါရီ ၁

နယူးကာဆယ်အသင်းမှ တိုက်စစ်မှူး အင်ဒီကာရိုးလ်အား လီဗာပူးက ပြောင်းရွှေ့ကြေး ပေါင် ၃၅ သန်းဖြင့် ဖေဖော်ဝါရီ ၁ ရက်တွင် ခေါ်ယူစာချုပ်လိုက်ပြီ ဖြစ်သည်။ **(ဝဲပုံ)**

တိုက်စစ်မှူး အင်ဒီကာရိုးလ်အား လီဗာပူးက ငါးနှစ်ခွဲစာချုပ်ဖြင့် ခေါ်လိုက်ခြင်းဖြစ်ကြောင်း ဖော်ပြသည်။

အသက် ၂၂ နှစ်အရွယ်ရှိ အင်ဒီကာရိုးလ်သည် ချယ်လ်ဆီးသို့ ပြောင်းရွှေ့သွားသော တိုက်စစ်မှူး တောရက်စ်၏ ကျောနံပါတ် ၉ အင်္ကျီကို ဝတ်ဆင်ကစားရမည်ဖြစ်သည်။

ဂိုးသွင်းယူ

၎င်းသည် ယခုနှစ်ဘောလုံးရာသီတွင် နယူးကာဆယ်အသင်းအတွက် လိဂ်ပွဲ ၁၉ ပွဲ ကစားခဲ့ပြီး ၁၁ ဂိုးသွင်းယူနိုင်ခဲ့သည်။

(အင်တာနက်)

အေဂျက်စ်တိုက်စစ်မှူး ဆွာရက်ဇ် ပေါင်၂၃ သန်းဖြင့် လီဗာပူးခေါ်ယူ

မြင့်မောင်စိုး - စုစည်းသည်

လန်ဒန် ဖေဖော်ဝါရီ ၁

ဒတ်ချ်ကလပ်တစ်ခုဖြစ်သည့် အေဂျက်ဇ်တွင် ကစားနေသော ဥရုဂွေးတိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်အား လီဗာပူးက ပြောင်းရွှေ့ကြေး ပေါင် ၂၃ သန်းဖြင့် ခေါ်ယူစာချုပ်ရန် သဘောတူလိုက်ပြီဖြစ်သည်။

ယင်းသဘောတူညီချက်အရ အသက် ၂၄ နှစ်ရှိ ဆွာရက်ဇ်သည် ပရီမီယာလိဂ်ကလပ် လီဗာပူး၌ များမကြာမီ လူတွေ့ဆေးစစ်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ လီဗာပူးက ဆွာရက်ဇ်အား ကနဦးတွင် ပေါင် ၁၂ ဒသမ ၇သန်းဖြင့် ကမ်းလှမ်းထားခဲ့သော်လည်း အေဂျက်ဇ်က ပြောင်းရွှေ့ကြေး တိုးမြှင့်ပေးရန် တောင်းဆိုခဲ့သည်။

ဆွာရက်ဇ်**(ယာပုံ)**သည် အမ်စတာဒမ်ကလပ် အေဂျက်ဇ်အသင်းတွင် ပွဲပေါင်း ၁၅၉ ပွဲ ပွဲထွက်ကစားခဲ့ပြီး ၁၁၁ ဂိုးသွင်းယူပေးခဲ့သည်။ ၎င်းသည် ပြီးခဲ့သည့် ၂၀၁၀ ကမ္ဘာ့ဖလားတွင်လည်း ဥရုဂွေးအသင်းအတွက် သုံးဂိုး သွင်းယူပေးခဲ့သည်။

(အင်တာနက်)

2-2 (11).pmd 1 2/2/2011, 2:17 AM

ရေသန့်စင်အဆောက်အအုံများနှင့် ရေတွန်းစက်ရုံတည်ဆောက်မှု

မြို့တော်ဝန် ဦးဖုန်းဇော်ဟန် ကြည့်ရှုစစ်ဆေး

မန္တလေး ဖေဖော်ဝါရီ ၁

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်သည် ကော်မတီဝင် ဦးမြင့်သိန်းနှင့် ဌာနမှူးများလိုက်ပါလျက် ဇန်နဝါရီ ၁၃ရက် နံနက် ၁၀နာရီက မန္တလေးမြို့ပတ်လမ်း (ကမ်းနားလမ်း) ၁၆လမ်းနှင့် ၁၉လမ်းကြားရှိ ရေသန့်စင်အဆောက်အအုံများနှင့် ရေတွန်းစက်ရုံ တည်ဆောက်ရေးလုပ်ငန်း စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ ရေနှင့် သန့်ရှင်းမှုဌာန ခေတ္တဌာနမှူးနှင့် တာဝန်ခံအင်ဂျင်နီယာများက တိုးချဲ့ရေဖြန့်ဝေရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် အဆိုပါ ရေသန့်စင် အဆောက်အအုံများတည်ဆောက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။(ယာပုံ)

မှာကြားဖြည့်ဆည်း

မြို့တော်ဝန်က တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးပြည့်မီ၍ ရာသီဥတုနှင့် ရေတိုက်စားမှုဒဏ်ခံနိုင်ရန်အတွက် စနစ်တကျ တည်ဆောက်သွားရေး၊ လုပ်ငန်းများသတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရေးနှင့် အခြားလုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ (၀၄၀)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဗဟိုက သက်ကြီးစာပေပညာရှင်များအား ရန်ကုန်မြို့၌ ပူဇော်ပွဲကျင်းပရာတွင် ကျန်းမာရေးအရ မတက်ရောက်နိုင်သော ပဲခူးမြို့မှဆရာကြီး ဦးအောင်ဉာဏ်(ဥဿာဆရာအို)အား ပူဇော်ငွေကျပ်နှစ်သိန်းနှင့် ဂါရဝပစ္စည်းများကို ဇန်နဝါရီ ၁ရက်က ပဲခူးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်လှိုင်(စိန်လှိုင်ဗိုလ်)က ဆရာကြီး၏နေအိမ်သို့ သွားရောက်ပေးအပ်ခဲ့စဉ်။ (၀၆၀)

ဂုဏ်ပြုလက်ဆောင် ပေးအပ်

စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၅ ရက်က ကချင်ပြည်နယ် ဖားကန့်မြို့လယ် ဓမ္မာရုံ၌ ကျင်းပရာ ပါဝင်ဟောပြောသည့် စာရေးဆရာချစ်ဦးညိုအား မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးနိုင်ဦး (မြတ်သူမင်း-ဥက္ကံ)က ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။ (၀၀၄)

ဘိုးဘွားရိပ်သာသို့ ငွေလှူ

တွံတေးမြို့ ကျွန်းတောရပ်ကွက် ၈ လမ်းနေ ဒေါ်သန်းကြည်အား ရည်စူး၍ ဦးမြသောင်း မိသားစုက တွံတေးမြို့ မိဘဂုဏ် ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများကို တစ်နေ့တာ အာဟာရ ကျွေးမွေးပြီး ဆေးအာဟာရပဒေသာပင် အတွက် ငွေကျပ်တစ်သိန်းကို ဘိုးဘွားရိပ်သာအတွင်းရေးမှူး ဦးမြသိန်းထံ လှူဒါန်းစဉ်။ (၁၀၅)

သာသနနုဂ္ဂဟဗိမာန်တော်ကြီး ရွှေပြည်သာ၌ အုတ်မြစ်ချ

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ဂိုဏ်းပေါင်းစုံ မြို့နယ်နှင့်ရပ်ကွက်၊ ကျေးရွာ သံဃနာယကအဖွဲ့ ဆရာတော်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရွှေပြည်သာမြို့နယ်နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနနုဂ္ဂဟအသင်းတို့မှ ဦးဆောင်၍ သာသနနုဂ္ဂဟ ဗိမာန်တော်ကြီး အုတ်မြစ်စီမင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီက မြို့ဦးစေတီ၌ကျင်းပရာ အခမ်းအနားတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနေလင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညီညီအောင်နှင့် မြို့မိမြို့ဖများက အုတ်မြစ်စီပေးကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ်သတင်း

ဧရာဝတီ

ကျောက်ပန်းတောင်းမြို့ သာသနပါလနေ့စဉ်အရုဏ်ဆွမ်းလောင်းအသင်းကြီး ငွေရတုသဘင်အခမ်းအနား ကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၁

ကျောက်ပန်းတောင်းမြို့၏ ကျက်သရေဆောင် သာသနပါလ နေ့စဉ်အရုဏ်ဆွမ်းလောင်းအသင်းကြီး တည်ထောင်ခဲ့သော ၁၃၄၈ခုနှစ် ဝါဆိုလပြည့်ကျော် ၁ ရက်မှစ၍ (၂၅)နှစ်ပြည့်သည့် ၁၃၇၃ခုနှစ် ဝါဆိုလတွင် ငွေရတုသဘင်အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

ငွေရတုအခမ်းအနားအထိမ်းအမှတ်အဖြစ် ဆွမ်းလောင်းအသင်းကြီး၏ မှတ်တမ်းစာအုပ် ထုတ်ဝေမည်ဖြစ်၍ ဓမ္မဒါနအဖြစ် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဓမ္မဇာတ်ပြုဟာ၊ သုတ၊ ရသစာပေစာမူများကို ဖေဖော်ဝါရီ ၁၅ ရက်အရောက် ပေးပို့ကြရန်နှင့် ဆွမ်းလောင်းအသင်းကြီး အရှည်တည်တံ့စေရန်အတွက် အလှူငွေများကို အသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းထွန်း ဖုန်း-၀၉-၂၂၂၀၁၆၅ နှင့် အသင်းရုံး ဖုန်း-၀၆၁-၅၀၃၅၉တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထက(၁) မိုးကောင်း ကျောင်းဆောင်သစ်ဖွင့်

မိုးကောင်း ဇန်နဝါရီ ၃၁

မိုးကောင်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မဏိပညာ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၈ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ကျောင်းဆောင်သစ် အလှူရှင်များကိုယ်စား အလှူရှင် ဦးမောင်ကြီးက ကျောင်းဆောင်သစ် လှူဒါန်းရခြင်း အကြောင်း ရှင်းလင်းပြောကြားပြီး အထက(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေရွှယ်အောင်က ကျောင်းဆောင်သစ်ဖွင့်ပွဲအလံများကို ပေးအပ်သည်။

ဖွင့်လှစ်ပေး

ထို့နောက် ကျောင်းဆောင်သစ်ကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် မြတ်ကျော်၊ ကချင်ပြည်နယ် ပညာရေးမှူး ဦးခင်မောင်ထွေး၊ အလှူရှင် ဦးမောင်ကြီးနှင့် ကျောင်းအကျိုးတော်ဆောင် ဒေါ်စောကြည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အဆိုပါ မဏိပညာကျောင်းဆောင်သစ်သည် နှစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ရုံးခန်းတစ်ခန်းနှင့် စာသင်ခန်း ရှစ်ခန်းပါရှိကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အင်းတော်ကြီးကန် သဘာဝဝန်းကျင် ရေရှည်တည်တံ့စေရန်ဆောင်ရွက်

မိုးညှင်း ဇန်နဝါရီ ၃၁

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်အတွင်း၌ ရှေးနှစ်ပေါင်းများစွာကပင် သဘာဝအလျောက်တည်ရှိနေသော ကုန်းတွင်းရေနေဒေသ အင်းတော်ကြီးကန်ကို မတိမ်ကောမပပျောက်ရေးအတွက် သစ်တောရေးရာဝန်ကြီးဌာန သစ်တောရေးရာ ဦးစီးဌာန သဘာဝပတ်ဝန်းကျင်နှင့် သားငှက် တိရစ္ဆာန်ထိန်းသိမ်းရေးဌာန၊ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ထိန်းသိမ်းရေးအဖွဲ့များနှင့် ဒေသအာဏာပိုင်တို့ပူးပေါင်း၍ ရေဝေသစ်တောများ စိမ်းလန်းစိုပြည်နေစေရန်နှင့်သားငှက်တိရစ္ဆာန်များ သဘာဝအလျောက်ဘေးမဲ့စွာ တည်မှီနေနိုင်စေရန် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(၀၀၂)**

ပူးပေါင်းစစ်ဆေး

ဆင်ပေါင်ဝဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးအတွင်း အိုင်အိုဒင်း ပါဝင်သော ဆားများရောင်းချမှု ရှိ မရှိကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ ပူးပေါင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ကြီးငယ်မဟူ

သတိမူ

ရန်သူမျိုးကိုသာ

ဇန်နဝါရီ ၁၇ရက်က ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့အဝင်ဆိုင်းဘုတ်အနီး မြေယာရှုခင်းအလှ ဆောင်ရွက်ထားရှိမှုကို ရှမ်းပြည်နယ် (တောင်ပိုင်း) ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ဇင် ရှင်းလင်းတင်ပြစဉ်။ (၀၂၁)

2-2 (15).pmd 1 2/2/2011, 2:17 AM

MINISTRY OF INDUSTRY No. (1)
MYANMA HOME UTILITY INDUSTRIES
NAY PYI TAW CITY, MYANMAR
FAX;095067408375
QUOTATION NO. MHUI/CAP-3/EW&SSW (Min Su)/2010-2011
DATED 28 January 2011
INVITATION FOR QUOTATION

Dear Sirs,

The Myanma Home Utility Industries invites firms Quotation for Emamel Ware and Stainless Steel Ware Factory (Min Su) on Both C & F and FOB basic by Myanmar Five Star Line for individual items of store Specified on the attached List.

1. Shipment Earliest Possible Shipment is to be Stated
2. Valid Date Quotation on quadruplicate together with 5 copies of specification are to be addressed to Director General, Directorate of Industry, Ministry of Industry No. (1), Nay Pyi Taw, Myanmar and reach there on or before 16 Hours 5 Febuary 2011 and should remain firm valid for a further period of 8 weeks.
3. In submitting quotation, it may be noted that the same should be enclosed in an envlope and secured with sealing wax, stamped with offical seal and word "QUOTATION NO" marked there on.
4. Unsealed and unmarked offer will not be accepted and Myanma Home Utility Industries reserve the right to cancel any or all of the tenders without giving any reason.
5. Country of origin and definite port of shipment to be stated.

Managing Director
(Min Aung, General Manager).

အကြောင်းကြားစာ

တရားမကျင့်ထုံးဥပဒေအမိန့်-၁၊ နည်းဥပဒေ-၈
ညောင်တုန်းမြို့နယ်တရားရုံး
၂၀၁၀ခုနှစ် တရားမကြီးမှုအမှတ်-၁၂

၁။ ဦးကျော်သိန်း ၆။ ဦးဘဘုရှောင်း နှင့် ဦးဟန်စိန်
၂။ ဦးအောင်သိန်း ၇။ ဦးမောင်ရွှေ အမှတ်၃၀၄၊
၃။ ဦးဝင်းသောင်း ၈။ ဦးမြသောင်း အောင်သုခလမ်း၊
၄။ ဦးဝင်းအောင် ၉။ ဦးအောင်ကျော်မိုး အမှတ်(၈)ရပ်ကွက်၊
၅။ ဦးကျော်သီဟ ၁၀။ ဦးအောင်မြင့်ဆွေ ညောင်တုန်းမြို့။

ဂေါပကအဖွဲ့
ဟိန္ဒူဗုဒ္ဓဘာသာစုဋ္ဌာမဏိဘုရားကျောင်း
လမ်း၂၀၊ ညောင်တုန်းမြို့။

တရားလိုများ **တရားပြိုင်**

အကြောင်းကြားသိစေအပ်ပါသည်။

အထက်အမည်ပါ တရားလိုများက တရားပြိုင်အပေါ် ညောင်တုန်းမြို့နယ် စုဋ္ဌာမဏိဟိန္ဒူဘုရားကျောင်းဂေါပကအဖွဲ့အား သာသနာရေးဝန်ကြီးဌာနမှ အတည်ပြုထားသောပုဂ္ဂိုလ်များအား အတည်ပြုကြောင်းမြွက်ဟကြေညာပေးစေလိုမှု တရားစွဲဆိုလာ၍ အကျိုးသက်ဆိုင်သည်ဟုယူဆသူခပ်သိမ်းတို့အား အမှုတွင် တရားလိုအဖြစ်ဖြစ်စေ၊ တရားပြိုင်အဖြစ်ဖြစ်စေ ပါဝင်လိုလျှင် ဤရုံးသို့ ၂၀၁၁ခုနှစ် ဖေဖော်ဝါရီ၄ရက်(၁၃၇၂ခုနှစ် တပို့တွဲလဆန်း၁၁ရက်)နံနက်၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စား ရုံးအခွင့်အမိန့်အရ ရှေ့နေဖြင့်ဖြစ်စေ ဤရုံးတော်ရှေ့တွင် လာရောက်လျှောက်ထားနိုင်ကြောင်း ကြေညာလိုက်သည်။

အထက်ဆိုခဲ့သည့်နေ့ရက်တွင် လာရောက်လျှောက်ထားခြင်းမရှိလျှင် ဤရုံးက သင့်တော်သည်ဟုထင်မြင်သည့်အတိုင်း ကြားနာစီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၁ခုနှစ် ဇန်နဝါရီ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်မြအေး(တ/၂၂၅၆)
မြို့နယ်တရားသူကြီး
ညောင်တုန်းမြို့နယ်တရားရုံး။

PC Hardware ကွန်ပျူတာတပ်ဆင်ပြုပြင်
A+ ထိန်းသိမ်းနည်း အခြေခံသင်တန်းတရားများ
ကွန်ပျူတာစတင် တပ်ဆင်အသုံးပြုသူများအတွက် ...... 2011 Special Edition
ကွန်ပျူတာ စတင်တည်ဆောက်တပ်ဆင်ပုံနှင့် စမ်းသပ်စစ်ဆေးနည်း။
ကွန်ပျူတာအတွင်းရှိ စက်ပစ္စည်းတစ်ခုစီ၏ လုပ်ဆောင်ပုံနှင့် စမ်းသပ်စစ်ဆေးနည်း။
ကွန်ပျူတာ၏ အစိတ်အပိုင်းတစ်ခုစီကို အစားထိုး လဲလှယ်နည်းနှင့် Troubleshooting
ကွန်ပျူတာအစိတ်အပိုင်းတစ်ခုနှင့် တစ်ခု ဆက်စပ်လုပ်ဆောင်နေကြပုံ
ကွန်ပျူတာ၏ အစိတ်အပိုင်းတစ်မျိုးစီရဲ့ အခြေခံသီအိုရီ သဘောတရားနှင့် upgrading
မိမိနှင့် သင့်တော်မည့်ကွန်ပျူတာ တစ်လုံးရွေးချယ်ဝယ်ယူတော့မည်ဆိုရင် သိထားရမည့်အချက်များ
မျိုးသူရ
စာမူခွင့်ပြုချက် ၄၀၁၂၆၆၁၁၁၀
မျက်ပွင့်စာပေ အမှတ် - ၃၆၇၊ ဗိုလ်ချုပ်လမ်း၊ ဗိုလ်ဆွန်ပက်လမ်းထိပ်၊ ရန်ကုန်မြို့။ ☎ ၇၀၀၅၇၉၊ ၇၃၀၀၂၉၅

FAME Ladymax®
Beauty care for women
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
အမျိုးသမီးများအတွက် ကိုယ်ခန္ဓာ ဖွံ့ဖြိုး အလှတိုးစေရန်

ခေါ်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ
သံချေးမတက်သောအဆင့်မြင့် စတီးလ်တလိပ်စားသွားဆူးကြိုးအစစ်အမှန် များကို အာမခံ၍
25% Discount ဖြင့် နေရာဒေသမရွေး(လက်စမဲ့)တိုက်ရိုက်ရောင်း၍တပ်ဆင်ပေးနေပါသည်။
အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ၊(နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph:01-545531/01-730-99771/01-730-58161/09-500-8161

အလှမွေးငါးဝါသနာရှင်များဝမ်းမြောက်ဖွယ်
ကိုအောင်လင်း(Lucky Pet)၏
အလှမွေးငါးအမျိုးမျိုး
မွေးမြူသူဝါသနာရှင်များအတွက်
သိသင့်ဖွယ်ရာဗဟုသုတများ
တတိယအကြိမ် ထွက်ပြီ
ဖုန်း-၀၉-၅၁၃၇၁၈၀
စာမူခွင့်ပြုချက်အမှတ် (၄၀၁၂၀၃၁၁၁၀)။

ဖြည့်စွက်ဖတ်ရှုပါရန်

၁၀-၁-၂၀၁၁ရက်ထုတ်ဤသတင်းစာ စာမျက်နှာ(၁၇)ပါ ဖြူးဆရာတော်၏ တပည့်အောင်သိဒ္ဓိအရှင်မေတ္တာနန္ဒဖေဖော်ဝါရီ မွေ့သဘင်များဟောကြားမည် ကြော်ငြာတွင်၇-၂-၂၀၁၁ရက် မြိတ်မွေ့သဘင်ဟောကြားမည်ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

မီးသုံးစွဲလျှင် သတိယှဉ် ဆင်ခြင်သတိ အမြဲရှိ

ဇန်နဝါရီ ၁၅ ရက်က ဗုဒ္ဓပူဇနီယပွဲတော်တွင် စတုဒိသာကျွေးမွေးနိုင်ရန်အတွက် မင်္ဂလာဒုံမြို့နယ် ပညာရေးမိသားစုက လှူဒါန်းသောအလှူငွေကျပ် ၄၅၀၀၀၀ကို ပညာရေးမိသားစုကိုယ်စား ကျောင်းအုပ်ဆရာကြီး ဦးကျင်လှိုင် ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကိုတိုးက လက်ခံယူစဉ်။ (မြန်မာ့အလင်း)

မြစ်ငယ်မြို့၌ စုပေါင်းသွေးလှူဒါန်း

မြစ်ငယ် ဇန်နဝါရီ ၃၁

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြန်မာ့မီးရထားလူစီးတွဲနှင့်ကုန်တွဲစက်ရုံ (မြစ်ငယ်)မှ ဝန်ထမ်း ၁၂၃ဦးတို့ စုပေါင်းသွေးလှူဒါန်းပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီက မီးရထား (သီးသန့်) မီးသတ်တပ်ဖွဲ့ရုံးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မန္တလေးမြို့ အမျိုးသားသွေးလှူဘဏ်တာဝန်ခံ ရောဂါဗေဒဆရာဝန်ကြီး ဒေါက်တာ ဒေါ်ခင်စိန်ဝင်းနှင့် လက်ထောက် ဆရာဝန် ဒေါက်တာ ဒေါ်သွဲ့ဖြိုးကဲ့ညွန့်တို့က ကြီးကြပ်ဆောင်ရွက်ပြီး သူနာပြုများနှင့် ဓာတ်ခွဲဝန်ထမ်းများက သွေးအမျိုးအစားများ စိစစ်၍ သွေးအလှူရှင်များထံမှ သွေးများ စနစ်တကျ ဖောက်ထုတ်ယူကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် အထွေထွေမန်နေဂျာ ဦးညီထွန်းနှင့် တာဝန်ရှိသူများက ဖောက်ထုတ်ပြီး သွေးအိတ်များပေးအပ်လှူဒါန်းရာ ဆရာဝန်ကြီး ဒေါက်တာ ဒေါ်ခင်စိန်ဝင်းက ဂုဏ်ပြုလွှာများ ပြန်လည် ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (၀၈၀)

ဟိုပန်မြို့၌ ပညာရေးစုံညီပွဲတော် ကျင်းပ

ဟိုပန် ဇန်နဝါရီ ၃၁

ဟိုပန်မြို့နယ်တွင် ၂၀၁၀-၂၀၁၁ ခုနှစ် ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက် နံနက် ၁၀နာရီက အခြေခံပညာအထက်တန်းကျောင်း စာမဟာခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးသန်းစိန်က အမှာစကား ပြောကြားပြီးနောက် မြို့နယ်ပညာရေးမှူး ဦးမောင်မောင်က ပညာရေး စုံညီပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဂုဏ်ပြုဆုချီးမြှင့်

ထို့နောက် ပညာရေးစုံညီပွဲတော်၌ ပညာရည်ချွန်ဆု၊ အားကစား ထူးချွန်ဆု၊ စာပေထူးချွန်ဆုရရှိသူ ကျောင်းသား ကျောင်းသူများအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ကျောင်းအကျိုးတော်ဆောင် အဖွဲ့များက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ဆီမီးခုံအထက ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ

မန္တလေး ဇန်နဝါရီ ၃၁

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆီမီးခုံ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ဆောက်လုပ်ပြီးစီးသွားသော ကြံတိုင်းအောင်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၅ ရက် နံနက်၇နာရီက အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ အခမ်းအနားတွင် မြင်းခြံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းဆွေနှင့် ခရိုင်ပညာရေးမှူး၊ အလှူရှင်မိသားစုတို့က ကြံတိုင်းအောင်ကျောင်းဆောင်သစ်နှင့် ကမ္ပည်းကျောက်စာတို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။(အပေါ်ပုံ)

လွှဲပြောင်းပေးအပ်

အဆိုပါ ကျောင်းဆောင်သစ်ကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်း ၇၅ လမ်းထောင့်နေ ဦးအောင်မင်း-ဒေါ်ကြိုင်ကြိုင်လင်း (ကြံတိုင်းအောင်လွယ်အိတ်) မိသားစုတို့က ငွေကျပ်သိန်း ၁၃၀၀ အကုန်ကျခံ၍ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်သည်။ ထို့နောက် ဒုတိယပိုင်းအစီအစဉ်အဖြစ် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲကို ကျောင်းခန်းမဆောင်၌ကျင်းပရာ အလှူရှင် ဦးအောင်မင်းက ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သောစာရွက်စာတမ်းများကို မြင်းခြံခရိုင် ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၀၄၇)

မြို့နယ် သတင်း ထွေထွေလာ

သိန်းနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းတံတားများ ကြံ့ခိုင်မှုရှိစေရန် ဆောင်ရွက်ထားရှိမှုနှင့် တံတားခံနိုင်ဝန်သတ်မှတ်ချက် ဆိုင်းဘုတ်များ စိုက်ထူထားရှိမှုကို ဇန်နဝါရီ ၁၂ ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ကျော် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သဝဏ်လွှာဖတ်

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က မြောက်ဦးအထက မြဝတီခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းနိုင်ထွန်းက လွတ်လပ်ရေးနေ့သဝဏ်လွှာဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် အစည်းအဝေးမစတင်မီ နံနက် ၈ နာရီခွဲမှ စတင်၍ အမျိုးသားလွှတ်တော်ခန်းမသို့ ရောက်ရှိကြပြီး အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

တက်ရောက်

ထို့နောက် ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည့် သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၃ ✳

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)